## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၉)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့်နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

စာမျက်နှာ ၁၆ ကော်လံ ၁ ✮

**❝ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွ တည်ဆောက်ထားသည့်နိုင်ငံများဖြစ်၊ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ် . . . ❞**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

**❝ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိ . . . ❞**

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက်)

# သန်းခေါင်စာရင်းကောက်ယူရေး ပူးပေါင်းဆောင်ရွက်ပေး

သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာသတင်းအချက်အလက်များကို စနစ်တကျကောက်ယူသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အများအားဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဟုခေါ်ဆိုလေ့ရှိပြီး နိုင်ငံတွင်းနေထိုင်လျက်ရှိသူအားလုံးကို စာရင်းကောက်ယူခြင်းဖြစ်သည်။ ကုလသမဂ္ဂ၏အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ သတ်မှတ်ထားသောအချိန်ကာလတစ်ခုအတွင်း နိုင်ငံတစ်ခု သို့မဟုတ် သတ်မှတ်ထားသောနယ်နိမိတ်တစ်ခုအတွင်းရှိ လူအားလုံး၏လူဦးရေ၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာအချက်အလက်များကို စာရင်းကောက်ယူခြင်း၊ စုစည်းခြင်း၊ လေ့လာသုံးသပ်အကဲဖြတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်းဆိုင်ရာလုပ်ငန်းစဉ်တစ်ခုဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးပင်ဖြစ်သည်။ ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့်အခြေခံစာရင်းများရရှိရန်လိုအပ်သည်။ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိသည်။

အဆိုပါကြိုတင်ပြင်ဆင်မှုများတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလည်းပါဝင်သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို စတင်ဆောင်ရွက်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းများကိုဦးစားပေးကောက်ယူမည်ဖြစ်ပြီး မြေပြင်ကွင်းဆင်းကောက်ယူရန်အခက်အခဲရှိသည့်နေရာများအတွက်လည်း မြေပြင်တွင်ရှိသည့်စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးစာရင်းကိုက်ညီမှုရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်ကကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)တွင် **“မိမိတို့အနေဖြင့် ပြည်သူအားလုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေရှေ့ဆက်လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေ အောင်မြင်စွာကျင်းပပေးရမည်ဖြစ်ကြောင်း၊ ကျင်းပရာတွင်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဆိုင်ရာဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ခိုင်လုံမှန်ကန်သည့်မဲစာရင်းများရရှိရန်လိုကြောင်း၊ ထို့ကြောင့် လာမည့်အောက်တိုဘာလတွင်ဆောင်ရွက်မည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာပြီးမြောက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း”** ပြောကြားခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းသည် အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်သဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံးပူးပေါင်းပါဝင်မှသာ မှန်ကန်သည့်အချက်အလက်များရရှိမည်ဖြစ်သည်။ မှန်ကန်သည့်အချက်အလက်များပေါ်မူတည်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းသည် ခရိုင်တစ်ခုချင်းစီတွင် မဲပေးနိုင်ခွင့်ရှိသည့် အသက်အရွယ်များ၏အရေအတွက်ကို သိရှိနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းမှာ နိုင်ငံအတွင်းမှီတင်းနေထိုင်သူတို့အတွက် ကောင်းကျိုးစီးပွားများတိုးပွားအောင်လုပ်ဆောင်နိုင်ရန် ကောက်ယူခြင်းဖြစ်သည်ကို ပြည်သူတိုင်းကသိရှိနားလည်ကြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံ့ကောင်းကျိုးစီးပွားတိုးပွားရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ကျန်းမာရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အခြေခံအဆောက်အဦနှင့်အခြားလူမှုရေးဝန်ဆောင်မှုများအတွက် အခြေခံအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းကို ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူရန်လျာထားခဲ့ရာ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်နေ့အထိ လုပ်ငန်းအဆင့်(၄)ဆင့်ဖြင့် CAPI စနစ်၊ Mobile Phone/ Tablet တို့ဖြင့် ကောက်ယူသွားမည်ဖြစ်သည်။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သည့်သုံးနှစ်မှစတင်၍ စီမံချက်ရေးဆွဲကာ အချိန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါသန်းခေါင်စာရင်းကွင်းဆင်းကောက်ယူရန် စီမံဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စာရင်းစစ်၊ စာရင်းကောက်များခန့်ထားခြင်း၊ သန်းခေါင်စာရင်းသင်တန်းအဆင့်ဆင့် အချိန်ကိုက်ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်ခြင်းတို့အပြင် ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း အောင်မြင်စွာပြီးမြောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေး

မုံရွာ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၁၄ ရက်တွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လေးဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မုံရွာခရိုင်ပညာရေးမှူး ဦးမြင့်ဆွေက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာသောကျောင်းအုပ်ကြီးများနှင့် ဘာသာရပ်ခေါင်းဆောင်ဆရာ၊ ဆရာမများက လိုအပ်ချက်များကိုတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် မုံရွာခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများအပါအဝင် ခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများနှင့် ဘာသာရပ်အလိုက်ခေါင်းဆောင် ဆရာ၊ ဆရာမများ စုစုပေါင်း ၁၇၀ ဦးအား အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို**

# ဝမ်းတွင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

ဝမ်းတွင်း ဩဂုတ် ၁၄

၂၀၂၄ - ၂၀၂၅ ခုနှစ် အင်ဂျင်စက်စွမ်းအားသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဩဂုတ်လ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဒိုင်ကောက်ကုန်း ကျေးရွာ ကွင်းအမှတ် (၁၃၂၃/ခ)၊ ဦးပိုင်အမှတ် (၂၆) ရှိ ဒေသခံတောင်သူ ဦးစံထွန်း၏ လယ်မြေ နှစ်ဧကအတွင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် အင်ဂျင်စက်စွမ်းအားသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာတွင် ပျိုးခင်းအတွက် နေရာအနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ တစ်ဧကကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စက်စွမ်းအားသုံးခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကို မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဝင်းက အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါအင်ဂျင်စက်စွမ်းအားသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝေဟန်ကျော်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ကျေးရွာသုံးရွာမှ ဒေသခံတောင်သူများ လေ့လာကြည့်ရှုကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၂၄(ကြာသပတေးနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၂၅ နှစ်(၇၀)ကျော်ကြားတေးများ
၆။ ၁၀:၅၀ ကျန်းမာသုတ
၇။ ၁၂:၃၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၂:၄၀ မြန်မာ့ရှုခင်း
၉။ ၁၆:၄၅ သီချင်းလက်ဆောင်
၁၀။ ၁၈:၁၅ အတွေးအမြင်
၁၁။ ၁၈:၂၅ ခံစားတွေ့ကြုံ
တပ်မတော်သားဘဝအဖုံဖုံ
၁၂။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ**
**အပွမာဒေါ စ မေ့သု**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လသာမြို့နယ်၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု စာစီစာကုံး ကဗျာ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများကျင်းပ



ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှကြီးမှူးကျင်းပသည့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ဩဂုတ်လ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြသီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်တစ်ရပ်လုံး ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံ (Healthy Life Styles)ကို သိရှိကျင့်သုံးစွဲမြဲစေပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဩဂုတ်လဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ်သတ်မှတ်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများကျင်းပပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ အမှတ်ပေးဒိုင်ချုပ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲခေါင်းစဉ်များကို မဲနှိုက်၍ ပြိုင်ပွဲများစတင်ရာ အဆိုပါပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် အမျိုးသမီးရေးရာကော်မတီ၊ တိုင်းဒေသကြီးအဆင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပညာရေးဌာနမှတာဝန်ရှိသူများ၊ အမှတ်ပေးဒိုင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်တင်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၉၀၉ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၉၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၉၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၉၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၉၁၄ ဧက စိုက်ပျိုးဖို့လျာထားပြီး ဒေသခံတောင်သူတွေက လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မေလကစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ သီးနှံစုံ ၉၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့သီးနှံတွေကတော့ ခရမ်းချဉ်၊ မုန်ညင်း၊ မုန်လာဥဖြူ၊ ခရမ်းညို၊ ခရမ်းစိမ်း၊ ရွှေဖရုံ၊ ဘူး၊ သခွား၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ခဝဲသီး၊ ပဲတောင့်ရှည်၊ ချဉ်ပေါင်၊ ကန်စွန်း၊ ကိုက်လန် စတဲ့သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သီးနှံတွေစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး စားသုံးသူပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကိုလည်း ပံ့ပိုးကူညီပေးထားပါတယ်"ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိရာ စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်း

မော်လိုက် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ ၁၃ ရက်က မော်လိုက်မြို့နယ်ရှိ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူများချုပ်လုပ်ထားသော ချုပ်ထည်များကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါစက်ချုပ်သင်တန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပြအပါအဝင် ကျေးရွာ ၂၂၁ ရွာကိုရွေးချယ်ပြီး ဒေသထွက်ကုန်ကြမ်းပေါ်မူတည်၍လည်းကောင်း၊ မြို့ပြနှင့် ကျေးလက်နေလူငယ်များထဲမှ အခြေခံပညာပြီးဆုံးအောင် သင်ကြားနိုင်မှုမရှိသော လူငယ်များအားရွေးချယ်၍လည်းကောင်း၊ မိသားစုဝင်ငွေတိုးပွားရေး လုပ်ကိုင်လိုသော အမျိုးသမီးများအားရွေးချယ်၍လည်းကောင်း စီမံကိန်းလုပ်ငန်းခုနစ်ခုကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

မော်လိုက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ မော်လိုက်မြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ အဆိုပါစီမံကိန်းလုပ်ငန်းခုနစ်ခုအနက်မှ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး အမျိုးသမီးများ မိမိမြို့ရွာ၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်ရည်ရွယ်၍ စက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရေးထောက်ပံ့ပေးနိုင်မှုကော်မတီနှင့် သင်တန်းနည်းပြတို့က လုပ်ငန်းထူထောင်နိုင်ရေး စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရွေးချယ်ထားသူ ငါးဦးအား လုပ်ငန်းအစပြုဆောင်ရွက်ရန် မိမိတို့ဌာနမှ ပံ့ပိုးငွေ ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသည့် စက်ပစ္စည်းနှင့်တစ်ဦးလျှင် ကုန်ကြမ်းမတည်ထည့်ငွေ ငွေကျပ် နှစ်သိန်း စုစုပေါင်း ငွေကျပ် ၁၆ သိန်းနှင့်ညီမျှသော လိုအပ်သည့်ပစ္စည်းများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို ဇူလိုင်လ ၁၅ ရက်မှ ဩဂုတ်လ ၁၃ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ကိုထက်(ခရိုင် ပြန်/ဆက်)**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

"၂၀၁၁ ခုနှစ် ဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖိုများ ပိတ်ထားရချိန်တွင် ဂျပန်နည်းပညာကုမ္ပဏီ အားလုံးသည် လျှပ်စစ်သုံးစွဲမှု ချွေတာရေးအတွက် လျှပ်စစ်ပစ္စည်းအားလုံး Energy Saver ဖြစ်စေရန် တီထွင်ကြသည်။ နှစ်နှစ်မှ သုံးနှစ်ကြား ဂျပန်၏ Energy Saving နည်းပညာမှာ ချက်ချင်း မြင့်တက်သွားသည်. . ."

**ယမန်နေ့မှအဆက်**

ယခုကတည်းက ပြည်သူရော အစိုးရပါ နည်းမျိုးစုံသုံး၍ ချွေတာရေး အစီအစဉ် စတင်နေပြီဖြစ်သည်။ ဤအစီအစဉ်တွင် လူတိုင်းချွေတာရေး ကိစ္စအပြင် သုံးစွဲသောလျှပ်စစ်ပစ္စည်းများ၏ စွမ်းဆောင်ရည်ကိုပါ စိစစ်သုံးစွဲကြမည်။ အဆောက်အအုံများ၏ဒီဇိုင်းကို ပြင်ဆင်ရေးဆွဲကြမည်။

၎င်းတို့ ၂၀၃၆ ခုနှစ်တွင် ချွေတာမှုမှရရှိလာမည့် တစ်နှစ်စာဓာတ်အား ယူနစ်မှာ မိမိတို့နိုင်ငံ၏ ၂၀၁၉-၂၀၂၀ ခုနှစ် တစ်နှစ်ပတ်လုံးသုံးစွဲခဲ့သည့် ဓာတ်အားထက် သုံးဆခွဲခန့် ကြီးမားနေသည်။

လျှပ်စစ်ချွေတာရေးတွင် သဘာဝပတ်ဝန်းကျင်ရှုထောင့်၊ ငွေကြေးရှုထောင့်၊ လျှပ်စစ်ဓာတ်အားမရသေးသော ပြည်သူများအတွက် မျှဝေပေးရေးရှုထောင့် စသည့်ရှုထောင့်သုံးခုစလုံးကို ကြည့်ပေးရန်လိုမည်။

မူလခေါင်းစဉ်ပါလျှပ်စစ်ကဏ္ဍ $CO_2$ လျှော့ချရေးကို ပြန်ကောက်ရလျှင် မိမိတို့နိုင်ငံတွင် ဓာတ်အားတစ်ယူနစ်လျှော့သုံးလျှင် $CO_2$ ၂၅၂ ဂရမ်လျှော့၍ ထုတ်လွှတ်ရာ ရောက်ပါလိမ့်မည်။ မကြာမီ ကမ္ဘာကြီးပူနွေးလာမှုကို မိမိတို့ကိုယ်တိုင် ခံစားကြရတော့မည်ဆိုသည်ကို နှလုံးသွင်းထားလျှင် ဤကိစ္စအောင်မြင်နိုင်သည်။

လူသားတို့၏ ပင်ကိုစရိုက်လက္ခဏာအရ မိမိလက်ဖဝါးပေါ် မီးခဲကျမှသာ ပူမှန်းသိကြသည်က အများစုဖြစ်သည်။ ယခု ကမ္ဘာကြီးပူနွေးလာမှုမှာ လက်ဖဝါးပေါ် မီးခဲကျလာသည်ထက်ပင် ပို၍ဆိုးသည်ကို သတိပြုကြစေလိုသည်။

သာမန်အားဖြင့် လျှပ်စစ်ဓာတ်အားချွေတာပါဟု ဂျပန်ကိုသွားပြောလျှင် ဂျပန်ပြည်သူများလည်း လူသားပင်ဖြစ်၍ တော်ရုံနှင့် လက်ခံရန် ခက်ခဲပါလိမ့်မည်။ သို့သော် လက်တွေ့ တွေ့ကြုံမှသာ ချွေတာကြသည်ကို နမူနာပြပါမည်။

၂၀၁၁ ခုနှစ်တွင် ဆူနာမီလျှင်လှုပ်ခတ်မှုကြောင့် ဂျပန်နိုင်ငံမှ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံဓာတ်ပေါင်းဖို မတော်တဆမှုတစ်ခုဖြစ်ခဲ့သည်။ ဘေးကင်းရာသို့ လူများရွှေ့ရသည်။ ပြည်သူတချို့က နျူကလီးယားဓာတ်အားပေးစက်ရုံများ ပိတ်ပစ်ရန် ဆန္ဒပြခဲ့ကြသည်။ အစိုးရက အမြန်ဆုံးပိတ်ခဲ့သည်။

ယင်းသို့ပိတ်မည့်အချိန်တွင် ဂျပန်နိုင်ငံဓာတ်အားစနစ်တွင် နျူကလီးယားဖြင့် ဓာတ်အားထုတ်လုပ်မှုသည် ၂၀၀၀ ပြည့်နှစ်ကတည်းက ကီလိုဝပ်နာရီသန်းပေါင်း ၃၂၂၀၀၀ အထိ ကြီးမားနေခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး ကီလိုဝပ်နာရီသန်းပေါင်း ၁၀၈၈၀၀၀ ထုတ်လုပ်နေချိန်ဖြစ်၍ နိုင်ငံ၏ဓာတ်အားထုတ်လုပ်မှုတွင် ၂၅ ရာခိုင်နှုန်းခန့်အထိ နျူကလီးယားစက်ရုံများက ထုတ်လုပ်ပေးနေခဲ့သည့်အချိန်ဖြစ်သည်။

ဤစက်ရုံများရပ်နားပေးလိုက်ချိန်တွင် ပြည်သူများ ချက်ချင်းဒုက္ခတွေ့တော့သည်။ ဓာတ်အားမလုံမလောက်ဖြစ်ကုန်သည်။ ဤသို့ ၂၀၁၁ ခုနှစ် ဓာတ်အားပေးစက်ရုံဓာတ်ပေါင်းဖိုများ ပိတ်ထားရချိန်တွင် ဂျပန်နည်းပညာကုမ္ပဏီအားလုံးသည် လျှပ်စစ်သုံးစွဲမှုချွေတာရေးအတွက် လျှပ်စစ်ပစ္စည်းအားလုံး Energy Saver ဖြစ်စေရန် တီထွင်ကြသည်။ နှစ်နှစ်မှ သုံးနှစ်ကြား ဂျပန်၏ Energy Saving နည်းပညာမှာ ချက်ချင်း မြင့်တက်သွားသည်။ လေအေးပေးစက်များတွင်လည်း အလားတူ စွမ်းအင်ချွေတာရေးနည်းပညာများ ပို၍မြှင့်တင်နိုင်ခဲ့သည်။

အဆောက်အအုံများတွင် နေ့အချိန်မီးမထွန်းဘဲ အလင်းရောင်ရစေရန် ပြုပြင်ကြသည်။ လေအေးပေးစက်များကို တစ်လုံးချင်းစနစ်မှ အဆောက်အအုံတစ်ခုလုံးကို အအေးပေးနိုင်မည့် ဗဟိုအအေးပေးစနစ်များ ပြောင်းလဲသုံးစွဲ၍ ချွေတာလာကြသည်။ လေအေးကို မျက်နှာကြက်မှချမပေးဘဲ ကြမ်းခင်းမှဖောက်၍ အအေးပေးသည့်စနစ်ပါ သုံးလာသည်။ စွမ်းအင်ချွေတာမှုကို ဘက်စုံလုပ်ဆောင်ကြသည်။

ဤကာလအတွင်း အသိပညာပေးမှုအစီအစဉ်များ ပြည်သူများအကြား ပျံ့နှံ့အောင် အစိုးရက ဆောင်ရွက်ခဲ့သည်။ လေအေးပေးစက်များ၏ အပူချိန်ကိုပင် ၂၈ ဒီဂရီစင်တီဂရိတ်အောက်သို့ ချခွင့်မပေးတော့ပါ။

ဂျပန်ပြည်သူများသည် ဝတ်စားဆင်ယင်မှုကို အလေးအနက်ထားကြသည်။ အနောက်တိုင်းဝတ်စုံကို နေရာအများစုတွင် အပြည့်အစုံဝတ်ဆင်ကြသည်။ ရုံးနှင့် အဖွဲ့အစည်းများတွင် ကုတ်အင်္ကျီနှင့်နက်ကတိုင် (Necktie) ကို စနစ်တကျတွဲ၍ ဝတ်ဆင်ကြသည်။ ရုံးသွားရုံးပြန် ဤစံချိန်အတိုင်းပင်။ ညှော်ခံပွဲနှင့်အခမ်းအနားများမှာလည်း ဤဝတ်စုံအတိုင်းပင်။

ဤကိစ္စအတွက် တညီတညွတ်တည်း သဘောတူလက်ခံသုံးစွဲလိုက်ကြသည်မှာ ပူအိုက်သောအချိန်တွင် ကုတ်အင်္ကျီမဝတ်ဘဲ ရှပ်အင်္ကျီကိုသာ ဝတ်ဆင်လာကြသည်။

အကျပ်အတည်းတွေ့တော့မှ ယခင်က အစဉ်အလာအရ လက်ခံလာခဲ့ကြသော ဝတ်စားဆင်ယင်မှုကို လျှော့ချပေးကြတော့သည်။ ရုံးများ၊ အလုပ်ရုံများတွင် ကြီးကြပ်သူများကိုယ်တိုင် လျှပ်စစ်သုံးစွဲမှုကို ချွေတာလာကြသည်။ စစ်ဆင်ရေးတစ်ခုကဲ့သို့ ဆောင်ရွက်ချိန်တွင် တစ်နိုင်ငံလုံးက လိုက်နာကြသည်။

မိမိတို့နိုင်ငံတွင် ယခင်ဆယ်စုနှစ် နှစ်ခုကျော်က တစ်နိုင်ငံလုံး လျှပ်စစ်အကျပ်အတည်း အကြီးအကျယ်ကြုံခဲ့သည်။ ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံအတော်များများ ဓာတ်ငွေ့မလုံလောက်၍ ရပ်ထားရသည်ကိုပင် ဒီဇယ်ဆီဖြင့် မောင်းနှင်စေခဲ့သည်။ ဤကာလတွင် (၂၀၀၀ ပြည့်နှစ်မတိုင်မီနှင့် နောက်ပိုင်းကာလများ) ပြည်သူအများစုမှာ နေ့စဉ် နေ့ဝက်နှင့်အထက် ဓာတ်အားဖြတ်တောက်ခံထားရသည်။

ဝန်ကြီးဌာနများ၊ ဆေးရုံများ၊ နည်းပညာသင်ကျောင်းများတွင်ပင် ရံဖန်ရံခါ ဓာတ်အားပြတ်တောက်ခဲ့သည်။ ဤသည်ကို နိုင်ငံတော်အကြီးအကဲကသိ၍ ဝန်ကြီးဌာနများတွင် မလိုအပ်သည့်မီးများပိတ်ထားရန် ဝန်ကြီးများကိုနှိုးဆော်ခဲ့သည်။ ဝန်ကြီးဌာန၏ ဌာနဝန်ထမ်းအများစုသည်လည်း အခန်းများ၏ပြတင်းတံခါးများကို ပိတ်၊ လိုက်ကာတွေဆွဲပြီး မီးချောင်းများအချိန်ပြည့်ဖွင့်၊ လေအေးပေးစက်များ အချိန်ပြည့်ဖွင့်နေချိန်ဖြစ်သည်။

ဤကိစ္စကို ထိုစဉ်က လျှပ်စစ်စွမ်းအားဝန်ကြီးက စံနမူနာပြလုပ်ဆောင်ခဲ့သည်။ ရာထူးကြီးကြီးများကိုလည်း စံနမူနာပြကြရန် တိုက်တွန်းခဲ့သည်။ သူကိုယ်တိုင် အခန်းတံခါးအားလုံး လေဝင်လေထွက်ကောင်းအောင်ဖွင့်စေပြီး လေအေးပေးစက်ပိတ်သည်။ ပူအိုက်ပါက ယပ်တောင်ကိုသုံးသည်။ အလင်းရောင်ရမည့် ပြတင်းပေါက်နှင့်နီးရာသို့ ပြောင်း၍ ထိုင်သည်။ ညအချိန် နီးစပ်ရာရုံးများသို့လှည့်လည်၍ အခန်းမီးများနှင့် တခြားမီးများကိုစစ်သည်။ တွေ့ပါက ဌာနအကြီးအမှူးကိုပြောသည်။

သာမန်ပြည်သူအများစု တွေ့ကြုံနေရမှုကို ကိုယ်ချင်းစာပြီး ဓာတ်အားလျှော့သုံးခြင်းဖြင့် ကူညီနိုင်ရန် စဉ်းစားလုပ်ဆောင်ခဲ့သည်။ လျှပ်စစ်ဓာတ်အားရရှိရေး ပင်ပန်းစွာဆောင်ရွက်နေကြရသည့် လျှပ်စစ်ကဏ္ဍတာဝန်ရှိသူများကိုယ်တိုင် ပူးပေါင်းပါဝင်ရန် အားနည်းခဲ့သည်ဟု ဆိုရမည်။ အောင်မြင်မှုနည်းခဲ့သည်။ ကိုယ်စီအသိရှိမှ အောင်မြင်မည်ဟု စာရေးသူယူဆသည်။ ကိုယ်စီအသိနှင့် စိတ်ဓာတ်သည်သာ အဓိကကျသည်ဟု ယူဆသည်။ မလိုအပ်သောလုံခြုံရေးမီး၊ လမ်းမီး၊ အခန်းမီးများ လျှော့ချကြပါ။ ရှိပြီးပြတင်းတံခါးများကို ဖွင့်ကြပါ။ လိုက်ကာများကာထားမှုကို နေရောင်တိုက်ရိုက်ကျသည့်အချိန်မှလွဲ၍ ဖွင့်ပေးကြပါ။

နိုင်ငံရာသီဥတုနှင့်လည်းမကိုက်ညီသည့် တိုက်ပုံအင်္ကျီဝတ်ထားပြီး ပူအိုက်သည်ဆိုကာ လေအေးပေးစက်ဖွင့်ရသည့်ကိစ္စမှာလည်း ခေတ်နှင့်မကိုက်ညီတော့ဟု ဆိုချင်သည်။ ဌာနများမှ တာဝန်ခံအရာရှိအမျိုးသားများမှာ အချိန်ပြည့် တိုက်ပုံများဝတ်ဆင်ပြီး ပူအိုက်မှုကိုသည်းခံနေကြရသည်မှာလည်း အမှန်ပင်။ သင့်လျော်သောဌာနအရောင်ရှပ်အင်္ကျီလက်ရှည်ဖြစ်စေ၊ ဒေသအရောင်ရှပ်အင်္ကျီများဖြစ်စေ သတ်မှတ်ပေးပြီး လေအေးပေးစက်သုံးစွဲမှုများ လျှော့ချနိုင်လျှင် လက်တွေ့ကျသောစီမံမှုဟု ယူဆသည်။

ဆက်လက်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍမှ $CO_2$ လျှော့ချရေးကို ဖော်ပြပါမည်။

**ဆက်လက်ဖော်ပြပါမည်။**

ဤသုတစာပေပြီးဆုံးပါက စာရေးဆရာ ကျွန်းစဉ်မြေစောခက်၏ "မြစ်ကိုအလျားစုန်ကူးခဲ့သည်" စာအုပ်အား ဆက်လက်ဖော်ပြပါမည်။

# ညောင်တုန်းမြို့နယ်အတွင်း ရောင်းချနေသော အချိုရည်အမျိုးမျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေး




ညောင်တုန်း ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်း ရောင်းချနေသော အချိုရည်အမျိုးမျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ဩဂုတ်လ ၁၄ ရက်တွင် ဈေးကွက်စောင့်ကြည့်ရေး ပူးပေါင်းအဖွဲ့မှ အချိုရည်မျိုးစုံရောင်းချသောဆိုင်ကြီးများသို့ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ညောင်တုန်းမြို့နယ်အတွင်း အချိုရည်အမျိုးမျိုး ရောင်းချနေသော ဆိုင်ကြီး ၁၀ ဆိုင်မှ လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာမပါရှိသည့် အချိုရည်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်မရှိသော အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများအား ဖြန့်ဖြူးရောင်းချခြင်း မပြုရန်၊ အချိုရည်အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုကို ညောင်တုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ (၁၄) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့(၆) ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ ချေးငွေများထုတ်ချေးပြီးစီးမှုနှင့်ချေးငွေပြန်လည်ပေးဆပ်မှု၊ နယ်မြေဒေသအခြေအနေနှင့် မိုးခါမှန်တိုင်းတိုက်ခတ်မှုတို့ကြောင့် ချေးငွေ အရင်း/အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှတင်ပြသော နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံတို့အတွက် ချေးငွေစာချုပ်တန်ဖိုးသတ်မှတ်နိုင်ရေး၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ဆေးပေးနိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ အကြောင်းကြားထားမှုအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့်ပြည်ထောင်စုဝန်ကြီးများက ၂၀၂၃-၂၀၂၄ ခုနှစ် အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေးစာချုပ်ချုပ်ဆိုဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်၊ နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ်မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုအခြေအနေနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းဆောင်ရွက်နေမှုအခြေအနေ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူနိုင်ရေးအတွက် လုပ်ငန်းသုံး ရင်းနှီးငွေ ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ယခုအစည်းအဝေးတွင် မှတ်တမ်းတင်ရန်နှင့် အတည်ပြုဆုံးဖြတ်ရမည့် ကိစ္စရပ် များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက ဓာတ်မြေသြဇာရရှိမှု၊ ဆီစက်ချေးငွေနှင့် သွင်းအားစုများအတွက် ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေး၊ ချေးငွေစာချုပ်များ အချိန်မီချုပ်ဆိုနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက် (၃)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

# ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲနှင့် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၁၄

ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲနှင့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ဩဂုတ်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual ဖြင့်တက်ရောက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၁၃ ရက်တွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၊ ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲကိုတက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ဖြစ်ပေါ်နိုင်သော ဆုံးရှုံးမှုများကို ဖယ်ထုတ်ရှင်းလင်းနိုင်ရေးအတွက် လိုအပ်သည့် စွမ်းဆောင်ရည် (Loss Absorbing Capacity-LAC) ဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်မှ ကြွေးမြီပေးဆပ်ရန်အခက်အခဲဖြစ်ပေါ်နေသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ကြွေးမြီများကို သက်သာရာရရှိစေရန် ပြုလုပ်ပေးသည့် “Bail-in” ဆိုင်ရာ အကြောင်းအရာများကို ဆွစ်ဇာလန်နိုင်ငံ၏ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Credit Suisse ၏ အတွေ့အကြုံများနှင့်နှိုင်းယှဉ်၍ သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့နှင့် SEACEN Centre တို့မှ ခရစ်တို ရရန်ပိုင်ခွင့်များနှင့် တန်ဖိုးတည်ငြိမ်သောကွိုင်များ (Stablecoins) နှင့်စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေနှင့် မူဝါဒဆိုင်ရာ အလားအလာများ သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ ကမ္ဘောဒီးယားဘဏ်၊ အင်ဒိုနီးရှား နိုင်ငံဗဟိုဘဏ်နှင့် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့တို့မှ ဒေသတွင်းနိုင်ငံများအနေဖြင့် အစိမ်းရောင်စီးပွားရေး အသွင်ကူးပြောင်းမှုအတွက် ဘဏ္ဍာငွေအရင်းအမြစ်များရှာဖွေနိုင်ရေးဆိုင်ရာအလားအလာများကို သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ မလေးရှားနိုင်ငံဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်တို့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ တုံ့ပြန်ဆောင်ရွက်ရေး စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့် ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy က ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအလားအလာနှင့် ငွေလုံးငွေရင်းစီးဆင်းမှုများကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်၊ ထိုင်းနိုင်ငံဗဟိုဘဏ်နှင့် နီပေါနိုင်ငံဗဟိုဘဏ်တို့မှ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးအပေါ် သက်ရောက်လျက်ရှိသည့် ဆုံးရှုံးနိုင်ခြေများနှင့် အဆိုပါအခြေအနေများကို ထိန်းကျောင်းနိုင်ရေးအတွက် ကြီးကြပ်စစ်ဆေးမှုများကို နိုင်ငံအလိုက်ဆောင်ရွက်နေမှုများကိုလည်းကောင်း ပြောကြားခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့်ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ တံခါးပိတ်အစည်းအဝေးသို့ တက်ရောက်သည်၊ အစည်းအဝေးတွင်အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့မှ ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy က ၂၀၂၃ ခုနှစ်အတွင်း ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်းကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ သင်တန်းများနှင့် သုတေသနစာတမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ SEACEN အဖွဲ့ဝင်နိုင်ငံများသို့ အထောက်အပံ့ပေးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့် အရာရှိကြီးများက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ




နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများမှ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ခဲ့ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လျာထားစီမံကိန်းလုပ်ငန်းများ စနစ်တကျစိစစ်ဆောင်ရွက်နိုင်ရန်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လေးလတစ်ကြိမ် တင်ပြနိုင်ရေးကြိုးကြပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းများလျာထားဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေခွင့်ပြုမှုပေါ် အခြေခံပြီး လျာထားဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏လျာထားစီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်ခြေရှိ/ မရှိ သုံးသပ်၍ လျာထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခင်လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ဆုံးဖြတ်ချက်များကို အထူးအလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဗဟိုကော်မတီသို့ အချိန်မီပြုစုတင်ပြနိုင်ရေးအတွက်လုပ်ငန်းဆပ်ကော်မတီများနှင့်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ၂၀၂၅-၂၀၂၆ လျာထားစီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီ၍ အချိန်မီပြီးစီးရေး၊ ဘဏ္ဍာငွေအလေအလွင့် နည်းပါးစေရေးတို့အတွက် ကော်မတီအလိုက်ပါဝင်ပတ်သက်ဆက်နွယ်သူများအချင်းချင်း ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင်တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေးသို့တက်ရောက်လာသူများကဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ (၅၀၀)

## စာမေးပွဲဆိုင်ရာလုပ်ငန်းများကို စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား၍ စနစ်တကျ ဆောင်ရွက်ကြရမည်




နေပြည်တော် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် စာမေးပွဲများနီးကပ်လာပြီဖြစ်၍ စာမေးပွဲဆိုင်ရာလုပ်ငန်းများကို စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား၍ တိကျစွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနတစ်ခုချင်းစီနှင့် ဘာသာရပ်များအလိုက် ပညာရေးအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ၊ ဆရာမတစ်ဦးချင်း အရည်အသွေး ကောင်းမွန်စေရေး အမြဲမပြတ်ကြိုးစားကြရန်နှင့် ဘာသာရပ်တစ်ခုချင်းစီ၏ ပညာရေးအရည်အသွေးတိုးတက်မှသာ တက္ကသိုလ်တစ်ခုလုံး၏ အရည်အသွေးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းမဆုံးရှုံးစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

(၅၀၀)

## အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)မိုးရာသီ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့်အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ ဩဂုတ်လ ၇ ရက်က စတင်ကျင်းပခဲ့သည့် မိုးရာသီအားကစားပြိုင်ပွဲ၏ ဖူဆယ်ဘောလုံး(အမျိုးသား) ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာအသင်းနှင့် စက်မှုအင်ဂျင်နီယာအသင်းတို့ ယှဉ်ပြိုင်ကြရာ စက်မှုအင်ဂျင်နီယာအသင်းက ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲအပြီး၌ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) မှကျောင်းသား၊ ကျောင်းသူများက အဖွဲ့လိုက် Fitness Dance ဖြင့် ပျော်ရွှင်စွာ ကပြဖျော်ဖြေကြပြီး တိုက်ကွမ်ဒို သရုပ်ပြ ဖျော်ဖြေကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကျောင်းအုပ်ကြီးက ဒိုင်များ၊ Fitness Dance အဖွဲ့နှင့် တိုက်ကွမ်ဒို သရုပ်ပြအဖွဲ့တို့ထံ ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ တာဝန်ရှိသူများက ကြက်တောင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲများတွင် ဆုရအသင်းများကို ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဖူဆယ်ဘောလုံး(အမျိုးသား)ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများ၊ တတိယဆုရ စက်မှုလယ်ယာနည်းပညာအသင်း၊ ဒုတိယဆုရ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာအသင်းနှင့် ပထမဆုရ စက်မှုအင်ဂျင်နီယာအသင်းတို့မှ ကျောင်းသားများထံ ဆုများချီးမြှင့်ပေးအပ်ကာ အသင်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်းသိရသည်။

(သတင်းစဉ်)



# လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ အမှုဆောင်ကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ အမှုဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၊ အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ အထူးဧည့်သည်တော် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦးနှင့် အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင်များက ပတ္တမြားခန်းမမှလည်းကောင်း၊ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှစ်ဦးက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုစာရင်းစစ်ချုပ်က လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုအစည်းအဝေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေပုဒ်မများဆိုင်ရာ ဆွေးနွေးမှုများအပြင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ လိုက်နာရမည့်ကျင့်ဝတ်နှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးဆိုင်ရာ တည်မြဲစံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲဆောင်ရွက်မှုကိစ္စရပ်များကိုလည်း ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာသူများက အစည်းအဝေးဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။ (၅၀၀)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အမှတ် ၃/၂၀၂၄**

**၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**

**(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)**

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဖော်ပြပါ ဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အရ မြန်မာဘာသာသို့ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Anand Marriage Act

(ခ) The Caste Disabilities Removal Act

(ဂ) The Hindu Disposition of Property Act

(ဃ) The Hindu Inheritance (Removal of Disabilities)Act

(င) The Hindu Law of Inheritance Amendment Act

(စ) The Hindu Gains of Learning Act

(ဆ) The Mussalman Wakf Act

(ဇ) The Mussalman Wakf Validating Act

(ဈ) The Kazis Act

၂။ ဖော်ပြပါမြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)

ဥက္ကဋ္ဌ

ဥပဒေဘာသာပြန်ကော်မရှင်

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား)အုပ်စုပတ်လည်ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ (အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၅ ဂိုး ၁ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၁၅ ရက်နေ့ **(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ (အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ကျော်လွင်(မြဝတီ)

# ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ်မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)ရရှိမှသာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရန် အသိပေးကြေညာချက်

၁။ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဆ)ရှိ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် "အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်ခြင်းမပြုစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဈ) တွင် "အလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ စုံစမ်းစစ်ဆေး၍ အဖွဲ့ငယ်၏စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ထွက်ခွာရန်မသင့်ကြောင်း တွေ့ရှိပါက ပိတ်ပင်ခြင်း" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပုဒ်မ ၉ ပုဒ်မခွဲ (က)တွင်"ပြည်ပအလုပ်အကိုင်ရှာဖွေသူသည် ဦးစီးဌာနကမှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင် အမျိုးအစားတစ်ခုခုကို ရှာဖွေခြင်းဖြစ်ပါက ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) တွင် ဦးစီးဌာနသည် "အလုပ်သမားအား ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထားသက်သေခံလက်မှတ် ထုတ်ပေးရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

၄။ ပြည်ပနိုင်ငံများသို့အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နိုင်ရန်အတွက် လျှောက်ထားရမည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အလည် (Passport for Visit – PV)

(ခ) အလုပ် (Passport for Job – PJ)

(ဂ) ပညာသင် (Passport for Education – PE)

(ဃ) စီးပွားရေး (Passport for Business – PB)

(င) ဘာသာရေး (Passport for Religious – PR)

(စ) မှီခို (Passport for Dependent – PT)

(ဆ) သင်္ဘောသား (Passport for Seaman – PS)

၅။ ပြည်ပသို့အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်မည့်သူများသည် နိုင်ငံကူးလက်မှတ်အမျိုးအစားကို အလုပ်အကိုင်အတွက် ထုတ်ပေးသည့် (Passport for Job – PJ) အမျိုးအစား လျှောက်ထားရန်လိုအပ်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနတွင် မဖြစ်မနေမှတ်ပုံတင်၍ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

၆။ ယခုအခါ ပြည်ပနိုင်ငံများသို့ အလည်ဗီဇာဖြင့် သွားရောက်လည်ပတ်နိုင်ရန်ထုတ်ပေးသည့် (Passport for Visit – PV) အမျိုးအစားကိုင်ဆောင်သူများသည် အလည်အတွက်မဟုတ်ဘဲ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူ၍ ပြည်ပသို့သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ပြည်ပတွင် အခက်အခဲပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ကူညီဖြေရှင်းဆောင်ရွက်ပေးရန်အခက်အခဲများ ကြုံတွေ့ရလျက်ရှိပါသည်။

၇။ သို့ပါ၍ နိုင်ငံကူးလက်မှတ် (Passport for Visit – PV) အမျိုးအစားကိုင်ဆောင်၍ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူပြီး ပြည်ပသို့ထွက်ခွာရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှ စိစစ်တားမြစ်ခြင်းများခံရပါက မလိုလားအပ်သည့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားရှိပါက နိုင်ငံကူးလက်မှတ် စတင်လျှောက်ထားရာတွင် (Passport for Job– PJ) အမျိုးအစားကို လျှောက်ထားရယူရန် အလုပ်သမားဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူကာ တရားဝင်သွားရောက်လုပ်ကိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ကလေးငယ်တွေရဲ့ပါးပြင်ပေါ်က အဖြူကွက်များ

***“အရေးကြီးတာက အဖြူကွက်လေးတွေကို အစိုဓာတ်ထိန်း ခရင်မ် လိမ်းပေးဖို့လိုပါတယ်။ အသားခြောက်ရင် ပိုပြီး သိသာသလို နေပူထဲထွက်ရင်လည်း ပိုသိသာပါတယ်။ ဒါကြောင့် နေပူရှောင်ဖို့လည်းလိုပါတယ်။ ဆေးအနေနဲ့ အထူးတလည် မလိုအပ်ပါဘူး။ စတီးရွိုက်(Steroid) လိမ်းဆေးတွေကို တော့ ဆရာဝန်ညွှန်ကြားချက်နဲ့ပဲ လိမ်းသင့်ပါတယ်။ စိုးရိမ်လွန်ပြီးတော့ ဟိုလိမ်းဆေး၊ ဒီလိမ်းဆေးတွေကို နူနယ်တဲ့ ကလေးငယ်တွေရဲ့ပါးပေါ်မှာ မလိမ်းသင့်ပါဘူး. . .”***

ကလေးငယ်တွေရဲ့ ပါးပြင်ပေါ်မှာ နို့ပွေးလို့ခေါ်တဲ့ အဖြူကွက်လေးတွေ တွေ့ရတတ်ပါတယ်။ မိဘတွေကတော့ ကိုယ့်ရဲ့ရင်သွေးငယ်ကို ဂရုတစိုက်ကြည့်နေကြသူများပါတယ်။ ကလေးတွေရဲ့ကျန်းမာရေးကို အမိကစိတ်ပူပြီး စောင့်ရှောက်လေ့ရှိပါတယ်။ အဲဒီလိုပြုစုစောင့်ရှောက်နေစဉ်မှာပဲ တစ်ခါတလေ ကလေးတွေရဲ့အရေပြားမှာ တစ်စုံတစ်ရာထူးခြားမှုဖြစ်ရင် အထူးသဖြင့် ဖြူဖျော့ဖျော့အကွက်လေးတွေ တွေ့ရင် စိတ်ပူတတ်ကြပါတယ်။

တကယ်တော့ မိဘတွေစိတ်ပူလေ့ရှိတဲ့ ပါးပြင်ပေါ်က ဖြူဖျော့ဖျော့အကွက်လေးတွေက အသားပွင့်တာပါ။ ရောဂါအမည်ကတော့ ပီတီရီယားစစ် အယ်လ်ဘာ(Pityriasis Alba) လို့ခေါ်ပါတယ်။ ပီတီရီယားစစ်(Pityriasis )ဆိုတာ အကြေးခွံနုနုလေးတွေကို ဆိုလိုပါတယ်။ အယ်လ်ဘာ(Alba)ဆိုတာက လက်တင်စကားဖြစ်ပြီး ဖြူဖျော့ဖျော့အရောင်ကို ညွှန်းပါတယ်။ အကြေးခွံနုနုလေးတွေရှိတဲ့ ဖြူဖျော့ဖျော့အကွက်လို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာမှုပြုလိုက်ရင် အသားပွင့်တာလို့ခေါ်ပါတယ်။ အရပ်ထဲမှာတော့ ကြက်ဖင်ထွက်တယ်ဆိုပြီး အသိများပါတယ်။

တကယ်တော့ အဲဒီအကွက်တွေက ချက်ချင်းပေါ်လာတာမဟုတ်ပါဘူး။ အဆင့်သုံးဆင့်နဲ့ တဖြည်းဖြည်းပေါ်လာတာပါ။ ကနဦးပေါ်ခါစကတော့ အရေပြားပေါ်မှာကြွနေတဲ့ ခပ်ရဲရဲအကွက်လေးတွေဖြစ်ပါတယ်။ အများအားဖြင့် သိသိသာသာမရဲသေးတော့ သတိမထားမိကြဘူး။ နောက်တော့ ဖြူဖျော့ဖျော့နဲ့ အရေပြားပေါ်ကြွနေတဲ့အဆင့်ပါပဲ။ အဲဒီအဆင့်ကလည်း ခဏပဲကြာတာဆိုတော့ မသိလိုက်မသိဘာသာပါပဲ။ နောက်ဆုံးအဆင့်ကတော့ အရေပြားမှာ အကြေးခွံနုနုလေးတွေနဲ့ ဖြူဖျော့ဖျော့အကွက်ပါပဲ။ အရေပြားနဲ့ တစ်ပြေးညီအကွက်ဖြစ်ပါတယ်။ အရေပြားရဲ့မျက်နှာပြင်ထက် ကြွလည်းမနေ၊ ချိုင့်လည်းမသွားတဲ့ အကွက်တွေပါ။ ဒီအဆင့်ကကြာတတ်ပါတယ်။ ဒါကြောင့် မိဘတွေက သတိမူမိသွားတယ်။ အနည်းဆုံး တစ်လကနေ တစ်နှစ်လောက်အထိကြာတာဆိုတော့ စိတ်ပူမယ်ဆိုလည်း ပူသင့်ပါတယ်။

အကွက်လေးတွေက အရွယ်အစားအမျိုးမျိုးရှိပါတယ်။ သာမန်ကြယ်သီးအရွယ်လောက်ကနေ တစ်လက်မပတ်လည် အရွယ်လောက်အထိရှိပြီး အဝိုင်းပုံ၊ ဘဲဥပုံအကွက်လေးတွေဖြစ်ပါတယ်။ တစ်ကွက်စ၊ နှစ်ကွက်စတွေ့ရတတ်သလို အကွက်တွေအများကြီးလည်း ရှိတတ်ပါတယ်။ တစ်ခါတလေ အကွက် ၂၀ လောက်အထိရှိတတ်ပါတယ်။

အဖြူကွက်လေးတွေ တွေ့ရအများဆုံးနေရာကတော့ ပါးမှာဖြစ်ပါတယ်။ ဖုံးကွယ်ထားတဲ့နေရာမဟုတ်တော့ ကလေးမိဘတွေ အလွယ်တကူ သတိထားမိနိုင်ပါတယ်။ ဒါပေမဲ့ မျက်နှာအပြင် လက်မောင်း၊ လက်ပြင်၊ ပခုံးနဲ့လည်ပင်းတွေမှာလည်း ပေါ်တတ်ပါသေးတယ်။ ဒီလိုနေရာမျိုးမှာဆိုရင် ကလေးကို အင်္ကျီလဲပေးတဲ့အခါ၊ ရေချိုးပေးတဲ့အခါတွေမှာ သတိထားမိသွားလေ့ရှိပါတယ်။ အကွက်တွေက ရေးတေးတေးဆိုတော့ တစ်ခါတလေ သိပ်ပြီးမသဲကွဲဘဲ နောက်ကျပြီးမှသိကြတာများပါတယ်။ အလင်းရောင်မှိန်ပျပျနဲ့ဆို သိပ်ပြီးမထင်ရှားပါဘူး။

ဒီလိုအကွက်တွေဖြစ်တာကို မိဘတွေအမေးဆုံးမေးခွန်းဖြစ်ပါတယ်။ ကူးစက်ရောဂါလား၊ ခရုသင်းလား မေးတတ်ကြတယ်။ ဘာကြောင့်ဖြစ်မှန်းမသိရပါဘူး။ ဒါပေမဲ့ ကူးစက်ရောဂါမဟုတ်တာ၊ အစားအသောက်နဲ့မဆိုင်တာ၊ မျိုးရိုးမလိုက်တာ၊ အန္တရာယ်လုံးဝမရှိတာတော့ သေချာပါတယ်။ သူ့ဘာသာဖြစ်ချင်လို့ဖြစ်တာပါ။ ကလေးတွေမှာ ပိုပြီးတွေ့ရတဲ့ပြဿနာပါပဲ။ တွေ့ရအများဆုံးအရွယ်ကတော့ အသက်သုံးနှစ်ကနေ ၁၆ နှစ်အတွင်းအရွယ်တွေဖြစ်ပါတယ်။ ယောကျ်ားလေးတွေမှာ မိန်းကလေးတွေထက်ပိုပြီး တွေ့ရများပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟော်မုန်းကြောင့်လား ပြောရခက်ပါတယ်။

အဖြူကွက်တွေဆိုတော့ ခရုသင်းလား၊ ညှင်းလားမှားနိုင်တာမဆန်းပါဘူး။ ကလေးမိဘတွေ နောက်ထပ်ကြောက်တဲ့ရောဂါကြီးတစ်ခုကတော့ ခရုသင်းပါပဲ။ ဒီရောဂါကလည်း ပြန့်သွားရင် လူတောမတိုးဖြစ်တာကြောင့် ကြောက်ကြတာမဆန်းပါဘူး။ တကယ်တော့ ခရုသင်းကွက်က ဆွတ်ဆွတ်ဖြူနေပါတယ်။ ဖျော့တော့တော့မဟုတ်ပါဘူး။ အကွက်ရဲ့အနားက ပြတ်ပြတ်သားသားရှိတယ်။ အသားပွင့်တဲ့အကွက်လို မပြတ်မသားမဟုတ်ဘူး။ ဒ့ါပြင် ခရုသင်းအကွက်က ဖြူတာကလွဲလို့ ယားလည်းမယား၊ ထုံလည်းမထုံ၊ အကြေးခွံမှုန်မှုန်လေးတွေလည်း မရှိပါဘူး။ ဒါကြောင့် သေချာစစ်ဆေးလိုက်ရင် ခွဲခြားလို့ရပါတယ်။

အဖြစ်များတဲ့ညှင်းကွက်နဲ့လည်း မှားနိုင်ပါတယ်။ ဆေးပညာအရ ညှင်းကို(Pityriasis Versicolor)လို့ခေါ်ပြီး အမည်ကလည်း ဆင်နေတယ်။ အဓိပ္ပာယ်ကတော့ အကြေးခွံနုနုလေးတွေနဲ့ ဖျော့တော့တော့အကွက်ပဲဖြစ်ပါတယ်။ ညှင်းဆိုတာက ပျောက်လိုက်၊ ပြန်ပေါ်လိုက်နဲ့မို့ ရောဂါရာဇဝင်မေးရင် သဲလွန်စကို ရှာလို့ရပါတယ်။

အဲဒီအဖြူကွက်တွေက အသားပွင့်တဲ့အကွက်လေးတွေဖြစ်လို့ အချိန်တန်ရင် သူ့ဘာသာပျောက်သွားနိုင်တာကြောင့် စိတ်ပူစရာမရှိပါဘူး။ တစ်လကြာချင်ကြာမယ်၊ တစ်နှစ်ကြာချင်ကြာမယ်။ တစ်ယောက်နဲ့တစ်ယောက်မတူပါဘူး။

အရေးကြီးတာက အဖြူကွက်လေးတွေကို အစိုဓာတ်ထိန်းခရင်မ်လိမ်းပေးဖို့ လိုပါတယ်။ အသားခြောက်ရင် ပိုပြီးသိသာသလို နေပူထဲထွက်ရင်လည်း ပိုသိသာပါတယ်။ ဒါကြောင့် နေပူရှောင်ဖို့လည်းလိုပါတယ်။ ဆေးအနေနဲ့ အထူးတလည် မလိုအပ်ပါဘူး။ စတီးရွိုက်(Steroid) လိမ်းဆေးတွေကိုတော့ ဆရာဝန်ညွှန်ကြားချက်နဲ့ပဲ လိမ်းသင့်ပါတယ်။ စိုးရိမ်လွန်ပြီးတော့ ဟိုလိမ်းဆေး၊ ဒီလိမ်းဆေးတွေကို နုနယ်တဲ့ကလေးငယ်တွေရဲ့ ပါးပေါ်မှာ မလိမ်းသင့်ပါဘူး။ မသေချာရင် ဆရာဝန်နဲ့ပြသပြီး ကုတာက အကောင်းဆုံးဖြစ်ပါတယ်။

အဲဒီအဖြူကွက်လေးတွေရှိနေရင် နေလောင်တာ သတိထားသင့်တယ်။ ကလေးတွေနေရောင်ထဲသွားရင် နေလောင်ကာခရင်မ် (Sunscreen) လိမ်းဖို့လိုအပ်ပါတယ်။ ကလေးကို PABA–Para Amino–benzoic Acid ပါတဲ့ နေလောင်ကာခရင်မ်တွေ လိမ်းပေးမိတဲ့အခါ အရေပြားမှာ ဓာတ်မတည့်တာ၊ အနီကွက်ထွက်တာတွေဖြစ်တတ်တယ်။ ကလေးအတွက် သီးသန့်ထုတ်ထားတဲ့ နေလောင်ကာခရင်မ်ကို သုံးသင့်ပါတယ်။

ကလေးဆပ်ပြာပဲ တိုက်သင့်ပါတယ်။ လူကြီးသုံးဆပ်ပြာတချို့က ကလေးနဲ့မတည့်ရင် အနီကွက်၊ အင်ပျဉ်တွေဖြစ်စေတယ်။ လူကြီးသုံးဆပ်ပြာတချို့မှာ ပိုးသတ်ဆေးသုံးဖို့မလိုပါဘူး။ ပိုးသတ်စေတဲ့ဆပ်ပြာတွေက အခန့်မသင့်ရင် ကလေးအရေပြားကို ထိခိုက်စေတယ်။ ထိခိုက်လွယ်တဲ့ ကလေးအသားအရေကို ဒုက္ခပေးနိုင်စွမ်းရှိပါတယ်။

ကလေးသုံးအစိုဓာတ်ထိန်းခရင်မ် လိမ်းသင့်ပါတယ်။ ပုံမှန်ကလေးတစ်ယောက်အတွက်ဆိုရင်တော့ ပြဿနာမရှိဘဲ နှင်းခူရှိတဲ့ကလေးတွေဆိုရင် သတိထားသင့်ပါတယ်။ အရေပြားက ထိခိုက်လွယ်လို့ Lotion ကိုလည်း စိစစ်သုံးသင့်ပါတယ်။

တစ်ရှူးအစိုသုံးပြီး သန့်ရှင်းရေးလုပ်ရင် သန့်စင်သွားပေမယ့် တစ်ရှူးအစိုနဲ့ ဓာတ်မတည့်မှုဖြစ်စေနိုင်လို့ မသုံးသင့်ပါဘူး။ ကလေးရဲ့ပါးပြင်ပေါ်က အဖြူကွက်တွေက စိုးရိမ်စရာမလိုအပ်ကြောင်း ဆွေးနွေးတင်ပြပေးလိုက်ပါတယ်။ ။

**ဒေါက်တာလွင်သန့်**

# တာမွေမြို့နယ်၌ စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြော


တာမွေ ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၄ ရက်တွင် တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာ မောင်ယဉ်ဝေ (ဥက္ကလာ)က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများ အကြောင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာရေးဆရာမောင်ယဉ်ဝေ(ဥက္ကလာ) က ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော လူငယ်ရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာ ဗဟုသုတပြည့်စုံကြွယ်ဝသော ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ် လူတော်လူကောင်းများဖြစ်လာစေရေး သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ



ကြို့ပင်ကောက် ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း(ကြို့ပင်ကောက်)၌ ဩဂုတ်လ ၁၃ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးသန်းနိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းထွန်းစိုးက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်များ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေးကူးစက်တာဝန်ခံဆရာဝန် ဒေါက်တာမေဇော်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်း၊ ကူးစက်ခြင်း၊ ရောဂါလက္ခဏာများနှင့် ကာကွယ်ခြင်းအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်သီတာနွယ်က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါဖြစ်ပွားရခြင်းနှင့်ကာကွယ်ရမည့်အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား စိတ်ဝင်စားဖွယ်အမေးအဖြေအစီအစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် အသိပညာပေးဟောပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များတွင် ရက်လွန်မုန့်များ၊ ကျန်းမာရေးနှင့်မညီညွတ်သောမုန့်များရောင်းချခြင်းရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချကြသောဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# နိုင်ငံ့အလံ မိုးထက်ယံ

❒ နိုင်ငံ့အလံ၊ မိုးယံလွှင့်ထူ
အောင်ပွဲယူလို့၊ ပြည်သူတို့ဘေး
ကင်းစင်ဝေးအောင်၊ ကြံ့ဆောင်လွှင့်ထူ
အောင်ပွဲယူလျက်၊ ပေးဆပ်ခဲ့ကြ
မြန်မာ့သမိုင်း ဘယ်မရိုင်းခဲ့။

❒ လေပြင်းမွှေရိုင်း၊ ကဆုန်စိုင်းလို့
မုန်တိုင်းသို့ပင်၊ တိုက်စစ်ဆင်ရာ
ဘယ်မှာလာခြောက်၊ ဘယ်မကြောက်တတ်
မွန်မြတ်စွန့်ရဲ၊ ရဲဝံ့ဆဲပါ
အစဉ်လာများ ထင်အရှား။

❒ ကျောက်ဆောင်ကျောက်သား
ကျောက်ကမ်းပါးသို့
မြင့်မားနေလျက်၊ ယုံကြည်ချက်တွေ
ထက်မြက်ခိုင်မာ၊ ကြည်လင်စွာပင်
ရင်မှာစိတ်ဓွဲ၊ မလျော့ဘဲနှင့်
အောင်ပွဲဝင့်ဝင့် အောင်လံလွှင့်မြဲ။

❒ မြန်မာ့ဇာနည်၊ ဘာမထီတွေ
ရာသီမရွေး၊ သာကီသွေးမို့
မနှေးညီညာ၊ ပြည်ရွာအကျိုး
စဉ်သယ်ပိုးကာ၊ အမျိုးဘာသာ
သာသနာတွက်၊ လက်ချင်းယှက်စွန့်
နောက်မတွန့်ဘဲ၊ ဝင့်ကဲ လို့လ
ဇာတိမှပေး၊ သတ္တိသွေးနဲ့
မနှေးဆောင်ကြံ၊ တို့အောင်လံကို
မိုးယံလွှန်မြင့်၊ အစဉ်တင့်တဲ့
တို့ရဲ့သမိုင်း ဘယ်မရိုင်းခဲ့။ ။

အကျော်ပင်

# ကျွန်းစုမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ကျွန်းစု ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်၍ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ပြီး ဘက်စုံထူးချွန်သောလူငယ်လူရွယ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် ကျွန်းစုမြို့ မအိုင်ကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(မအိုင်)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမာ က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန့်က လူငယ်များ၏စွမ်းပကားဖြင့် နိုင်ငံတည်ဆောက်ရေးအကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲမင်းဦးက ကူးစက်နိုင်သောရောဂါနှင့် မကူးစက်နိုင်သောရောဂါများအကြောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီန္တာ့က ကျား/မ အခြေပြု အကြမ်းဖက်မှုအကြောင်း၊ ကျွန်းစုမြို့မစခန်းမှူး ဒုတိယရဲမှူးစံလှက မူးခင်းကျဆင်းရေးအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းဖြူလွင်က စာဖတ်ခြင်းမှရရှိမည့်အကျိုးကျေးဇူးများ အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း(မအိုင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးနံရံကပ်ဗီနိုင်းများကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# အသေးစားစီးပွားရေးလုပ်ကိုင်သူများအား ချေးငွေများထုတ်ချေး

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးချောင်းကျေးရွာအုပ်စု ထရုံကာကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေများ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။


ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ထရုံကာကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အသင်းသူ၊ အသင်းသားများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၂၇၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများက ထရုံကာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၂၇၈ သိန်းအား အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

# မိုးစပါးများကိုဆည်ရေသောက်စနစ် မိုးကောင်းသောက်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိ



နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း၌ မိုးစပါးများကို ဆည်ရေသောက်စနစ်၊ မိုးကောင်းသောက်စနစ်တို့ဖြင့် ၄၈၄၇၂ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

တပ်ကုန်းမြို့နယ်တွင် ယခင်နှစ်က မိုးစပါး ၄၈၄၇၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၈၇ ဒသမ ၀၉ တင်းထွက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း မိုးစပါး ၄၈၄၇၂ ဧကလျာထားစိုက်ပျိုးလျက်ရှိပြီး ဇူလိုင်လဆန်းပိုင်းက စတင်စိုက်ပျိုးကြရာ ဩဂုတ်လထိ အခြောက်မျိုးစေ့စက်ဖြင့် စိုက်ဧက ၁၀၀၊ Seeder စိုက် ၉၃၄၁ ဧက၊ ပျိုးထောင်စိုက် ၃၄၇၆ ဧက၊ ကြဲပက်စိုက်ဧက ၅၁၄၀၊ ကောက်စိုက်စက်စိုက် ၄၁ ဧက စုစုပေါင်း ၁၈၁၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

စိုက်ပျိုးထားသည့်စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့်ပိုးပြေးဆေးပြုလုပ်သုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံစိုက်ပျိုးကြကြောင်းသိရသည်။

(၄၁၃)

# ပြည်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ အခြေခံအသိအမြင်ပညာပေးဟောပြောပွဲ ကျင်းပ

ပြည် ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ဩဂုတ်လ ၁၄ ရက်တွင် ဥပဒေဆိုင်ရာ အခြေခံအသိအမြင် ပညာပေးဟောပြောပွဲ ကျင်းပရာ ပြည်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား/စီမံအရာရှိများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဘာသာရပ်ပေါင်းစုံမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ပြည်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ သိသင့်သိထိုက်သော အခြေခံဥပဒေနှင့်လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုများကို သိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ဒုတိယဥပဒေအရာရှိ ဦးစိုးမြတ်ဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများ၊ ဥပဒေပြုရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ တပ်မတော်ကဏ္ဍ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအကြောင်းနှင့် နိုင်ငံသားတို့၏ တာဝန်များအကြောင်းအပါအဝင် ဥပဒေဆိုင်ရာ အခြေခံသိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေးဆွေးနွေးဟောပြောပြီး ပြည်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဝေဝေမြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပါ အခြေခံသိကောင်းစရာ ဥပဒေအကြောင်းများကို အသိပညာပေးဆွေးနွေးဟောပြောကာ ကျောင်းသား၊ ကျောင်းသူများက ဥပဒေဆိုင်ရာသိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာရှောင်လမ်း ကျောက်အခြေခံလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြို့သစ် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လေးတိုင်စင်ကျေးရွာရှောင်လမ်း ကျောက်အခြေခံလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ်လ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆလိုင်းနေအောင်ဆန်းနှင့် တာဝန်ရှိသူများက လေးတိုင်စင်ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာရှောင်လမ်း အရှည် ၇ ဒသမ ၈၈ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၆ လက်မရှိ ကျောက်အခြေခံလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ်က လုပ်ငန်းတာဝန်ခံအား သတ်မှတ်အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ပြောကြားသည်။

မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရခွင့်ပြုငွေ ငွေကျပ် ၁၀၅ ဒသမ ၃၉၅ သန်းဖြင့် လေးတိုင်စင်ကျေးရွာရှောင်လမ်း ကျောက်အခြေခံလွှာခင်းခြင်းလုပ်ငန်းကို ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငယ်လေး**

# ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါ ၁၃၃၉၇ ဧက စတင်ရိတ်သိမ်း

ကျောက်ဆည် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်တို့၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါ ၁၃၃၉၇ ဧကကို စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။


ချည်မျှင်ရှည်ဝါများ စိုက်ပျိုးရာတွင် ကျောက်ဆည်မြို့နယ်၌ ၅၁၈၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၆၉၁ ဧက၊ မြစ်သားမြို့နယ်၌ ၆၅၂၄ ဧက စုစုပေါင်း ၁၃၃၉၇ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါစိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါ ရိတ်သိမ်းမှုအနေဖြင့် စဉ့်ကိုင်မြို့နယ်၌ ဧက ၁၉၀ ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၅၀၁ ဒသမ ၂၅ ပိဿာ ထွက်ရှိကြောင်း၊ မြစ်သားမြို့နယ်၌ ဧက ၃၃၀ ရိတ်သိမ်းပြီး တစ်ဧကလျှင် ၄၉၉ ဒသမ ၄၅ ပိဿာ ထွက်ရှိကြောင်းနှင့် ကျောက်ဆည်မြို့နယ်၌ ရိတ်သိမ်းချိန်မရောက်သေးသည့်အတွက် မရိတ်သိမ်းနိုင်သေးကြောင်း သိရသည်။

ဝါစိုက်ပျိုးသူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)တို့က ဒေသနှင့်ကိုက်ညီသော ဝါမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး စိုက်နည်းစနစ်များ၊ ရိတ်သိမ်းသိုလှောင်ခြင်းများကိုလည်း စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရှမ်းရွာသစ် | (၃.၇၄)လက်မ |
| ဟဲဟိုး | (၂.၈၃)လက်မ |
| ညောင်ရွှေ | (၂.၇၆) လက်မ |
| ထားဝယ် | (၂.၀၉)လက်မ |
| တောင်ငူ | (၂.၀၁)လက်မ |
| တောင်ကြီး | (၁.၅၄)လက်မ |
| မော်လမြိုင်ကျွန်း | (၁.၃၈)လက်မ |
| နေပြည်တော် (ဥတ္တရသီရိ) | (၁.၂၂)လက်မ |
| လွိုင်လင် | (၁.၁၈)လက်မ |
| မိုင်းဆတ် | (၁.၁၈)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၆ |
| ရှမ်း(မြောက်) | ၂၂ | ၂၉ |
| ရှမ်း(အရှေ့) | ၂၂ | ၂၈ |
| ရှမ်း(တောင်) | ၁၈ | ၂၃ |
| ချင်း | ၁၆ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၄ | ၃၀ |
| ပဲခူး | ၂၄ | ၃၀ |
| ရန်ကုန် | ၂၅ | ၃၂ |
| ဧရာဝတီ | ၂၄ | ၃၃ |
| ကယား | ၂၂ | ၂၉ |
| ကရင် | ၂၄ | ၃၁ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၄ | ၃၂ |

# ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း)မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပသော လူငယ်စကားဝိုင်းကို ဒဂုံ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ဩဂုတ်လ ၁၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၀ လှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးနိုင်က လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဇ္ဈူက ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သော လူရည်ချွန်များ ဖြစ်လာစေရန် စသည့်လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဇ္ဈူနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ယုယုခိုင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး Grade-11 မှ မောင်သွင်ထူးအောင်က လူငယ်နှင့်ကျန်းမာရေး၊ Grade-9 မှ မောင်စွမ်းထက်ပိုင်က လူငယ်နှင့်စာရိတ္တ၊ Grade-10 မှ မောင်လွှမ်းမောင်မောင်ဘိုက လူငယ်နှင့်အားကစား၊ Grade-10 မှ မညလေးနွယ်က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**(၂၈၅)**

# လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်











**နေပြည်တော် ဩဂုတ် ၁၄**

လူငယ်များအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးစွာ အတွေ့အကြုံဗဟုသုတများ ဖလှယ်နိုင်စေရေး၊ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် သဟဇာတဖြစ်သော လူမှုအသိုက်အဝန်းကို တည်ထောင်နိုင်စေရေးရည်ရွယ်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီမှ စီစဉ်ဆောင်ရွက်ပေးသည့် လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းများကို ယနေ့နံနက် ၇ နာရီတွင် စတင်ဆောင်ရွက်ကြသည်။

ဦးစွာ အဖွဲ့များခွဲ၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင်တည်ထားကိုးကွယ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး လေ့လာရေးအဖွဲ့ဝင်များအား သိရှိလိုသည်များနှင့် ဘုရားသမိုင်းကြောင်းများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာနှင့် ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြပြီး အဘိုး၊ အဘွားများအား ကျန်းမာရေးနှင့်သက်ဆိုင်သော အားပေးနှစ်သိမ့်စကားနှင့် ခွန်အားဖြစ်စေသော စကားများပြောကြားခြင်း၊ ခေါင်းဖြီးပေးခြင်း၊ ခြေသည်း/လက်သည်းများညှပ်ပေးခြင်း၊ ပန်းချီရေးဆွဲခြင်း၊ သီချင်းများသီဆိုခြင်းနှင့် ကလေးငယ်များနှင့်အတူ ကဗျာသီချင်းများသီဆိုခြင်း၊ ဘောလုံးများဖြင့် ဆော့ကစားခြင်း၊ ပန်းချီဆေးရောင်စုံခြယ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် လူငယ်များ ဒေသန္တရဗဟုသုတများတိုးပွားစေရန် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြရာ လေ့လာရေးအဖွဲ့မှ လူငယ်များ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းပြသပေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များဝယ်ယူနိုင်ရန် ဥတ္တရသီရိ Ocean နှင့် Sinma Mall တို့သို့ ပို့ဆောင်ပေးသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ပြသထားသည့် အားကစားပြတိုက်၊ စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့်အားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုနှင့် ဆုရမှတ်တမ်းဓာတ်ပုံများ၊ ရွှေတံဆိပ်ဆုများစွာ ဆွတ်ခူးရယူပေးခဲ့သည့်နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြကာ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းကို ဆက်လက်လေ့လာကြသည်။

"လူငယ့်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်များအနေဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များတိုးပွားလာပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပါဝင်နိုင်စေရန်၊ မိမိနိုင်ငံနှင့်ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များတိုးပွားလာပြီး နိုင်ငံသားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့်တာဝန်များကို ပိုမိုနားလည်စေရန်၊ မတူညီသောဒေသများမှ လူငယ်များတွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှုတည်ဆောက်ပေးနိုင်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီမှ ယခုကဲ့သို့ လူငယ်လေ့လာရေးအစီအစဉ်များနှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါလေ့လာရေးခရီးစဉ်တွင် ပါဝင်သည့်လူငယ်များသည် ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပခဲ့သည့် International Youth Day နှင့် Myanmar Youth Forum သို့ တက်ရောက်ခဲ့သည့် ထူးချွန်ဆုရလူငယ်များနှင့်တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၉-၂၀၂၄ ရက်နေ့အထိ သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်ကြရန်ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

---

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၂၈.၈˚c |
| ရန်ကုန် | ၂၅˚c | / | ၃၂.၀˚c |
| မန္တလေး | ၂၆˚c | / | ၃၃.၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်း တမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာ များ ဂုဏ်ပြုပေးအပ်စဉ်။



စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) ကျောင်းဆင်းအရာရှိမိသားစုများက နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်း တမံထမ်းဆောင်လျက်ရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဝန်ထမ်းမိသားစုများနှင့်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကိုလွင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များတက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းသုံးရာနှင့် ငွေကျပ်သိန်းနှစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းငါးဆယ်နှင့် ငွေကျပ်နှစ်ဆယ့်နှစ်သိန်းတန်ဖိုးရှိစားသောက်ဖွယ်ရာများကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းသုံးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးရာ့ငါးသိန်းကျော်တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းသား၊ သင်တန်းသူများက ငွေကျပ်ခြောက်ဆယ့်သုံးသိန်းနှင့် ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ်တစ်ဆယ့်ခုနစ်သိန်းကိုလည်းကောင်းလှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင်နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ (မိုး/ဇလ)

# ဘာသာထွန်းပြောင် သာသနာ့ဂုဏ်ဆောင် လဝါခေါင်

မြန်မာတို့၏ဆယ့်နှစ်လရာသီကို လေ့လာကြည့်ပါက ထူးခြားမှုများရှိနေသည်ကို သတိပြုမိကြပေလိမ့်မည်။ ထူးခြားချက်မှာ ဆယ့်နှစ်လရာသီတိုင်းမှာ ရာသီပွဲတော်များရှိနေသောကြောင့်ဖြစ်သည်။ ထိုဆယ့်နှစ်လရာသီပွဲတော်များမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များရှိသလို ဘာသာရေးနှင့်ဆိုင်သောအခါတော်နေ့များက ပိုများသည်။ အထိမ်းအမှတ်ပွဲတော်များမှာလည်း ဘာသာရေးနှင့်ဆိုင်သောအထိမ်းအမှတ်ပွဲများက ပိုများပါသည်။ ဥပမာ- ကဆုန်လညောင်ရေသွန်းပွဲ၊ နယုန်လစာပြန်ပွဲ၊ ဝါဆိုလ ပဉ္စင်းခံပွဲ၊ ဝါခေါင်လ စာရေးတံမဲပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲ၊ တပေါင်းလ သဲပုံစေတီပွဲ စသည်တို့ဖြစ်သည်။ ထိုအထဲတွင် ဘာသာ၊ သာသနာအရေးနှင့်ဆိုင်သောပွဲများ ပါဝင်နေသည်ကို တွေ့ရပေမည်။ ထိုသာသနာရေးပွဲများတွင် ဝါခေါင်လ၏စာရေးတံမဲပွဲလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဝါခေါင်လနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်နှောင်းစာဆိုပညာရှိဖြစ်သော ယောမင်းကြီး ဦးဘိုးလှိုင်က ဥတုဘောဇနသင်္ဂဟကျမ်း၌ "ဝါခေါင်လသည် ဝဿာနဥတုမည်၏။ ဤဥတုသည် စိုစွတ်၏။ ပူတုံအေးတုံရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ်မပြတ်ရှိ၏။ အနောက်လေကျတတ်၏။ ပိုးမွှားနှင့်ခြင်၊ ဖားတို့ပေါများ၏။ မုလေး-ပုန်းညက် စသောပန်းနှင့်ပန်းမျိုးစုံပွင့်ကြကုန်၏"ဟု ဆိုထားကြောင်းသိရသည်။ ဝါခေါင်လ၏ရာသီမှာ သိဟ်ရာသီဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်ကြောင်းကို ရှေးစာဆိုတို့က "**သိဟ်ရာသီမို့ ရှုတိုင်းငယ်ဘယ်ညာ၊ ပန်းခတ္တာဝတ်မှုန်ကျင်းတဲ့၊ သင်းပျံ့ချိန်ခါ**"ဟု ရေးဖွဲ့ခဲ့ကြသည်။

ဘာသာ၊ သာသနာသည် မြန်မာလူမျိုးတို့၏ အသက်ဟုပင်ဆိုထိုက်သည်။ ထိုကဲ့သို့ဘာသာ၊ သာသနာတည်တံ့ထွန်းကားဖို့ဆိုလျှင် လူတိုင်းလူတိုင်းဘာသာရေးကို စိတ်ဝင်စားဖို့လိုသည်။ ယင်းကိုဆယ့်နှစ်လရာသီတိုင်း၌ တွေ့မြင်နိုင်သည်။ ယခုဝါခေါင်လသည်လည်း နေ့ထူးနေ့မြတ်အဖြစ် မေတ္တာအခါတော်နေ့ဖြစ်ပြီး အထိမ်းအမှတ်ပွဲမှာ စာရေးတံမဲပွဲဖြစ်သည်။ စာရေးတံမဲပွဲသည် ဘုရားရှင်လက်ထက်တော်အခါမှစ၍ ခေတ်အဆက်ဆက်ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။ ထို့ကြောင့်ဝါခေါင်လသည် သာသနာ့ဂုဏ်ကိုဖော်ဆောင်သောလဟု ဆိုချင်သည်။

မြန်မာတို့၏အလှူပြုကုသိုလ်ပွဲကို ခုနစ်မျိုးခွဲထားသည်ဟုသိရသည်။ ထိုခုနစ်မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) သံဃာအားလုံးအား ဆွမ်းကပ်လှူခြင်းဟူသော သံဃဘတ်။
(၂) တစ်ပါး၊ နှစ်ပါးစသည်ဖြင့် ရည်ညွှန်းလှူဒါန်းသော သုဒ္ဒေသဘတ်။
(၃) ပင့်ဖိတ်၍လှူခြင်းဟူသော နိမန္တနဘတ်။
(၄) စာရေးတံမဲချ၍ လှူခြင်းဟူသော သလာကဘတ်။
(၅) လဆုတ်-လဆန်း ပက္ခတို့၌ လှူခြင်းဟူသော ပက္ခိကဘတ်။
(၆) ဥပုသ်နေ့၌ လှူခြင်းဟူသော ဥပေါသထိကဘတ်။
(၇) ဥပုသ်ကျော်တစ်ရက်နေ့၌လှူခြင်းဟူသော ပါဋိပဒိကဘတ်ဟူ၍ ဆွမ်းခုနစ်မျိုးကိုဘုရားရှင်ခွင့်ပြုထားပါသည်။ ဤကား ဆရာမမြမဥ္ဇူဝေ၏ဆောင်းပါးမှကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ ထိုကုသိုလ်ခုနစ်မျိုးအနက် နံပါတ်လေးကုသိုလ်ဖြစ်သော ဝါခေါင်လ၏ကုသိုလ်ပွဲဖြစ်သောစာရေးတံမဲပွဲလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကုသိုလ်ပြုပေးခြင်းသည် ဘာသာသာသနာကိုတည်တံ့အောင် တစ်ဖက်တစ်လမ်းမှထောက်ပံ့ပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စာရေးသူအနေဖြင့် သာသနာ့ဂုဏ်ဆောင်ဖြစ်သောဝါခေါင်လ၏ ကုသိုလ်ပွဲဖြစ်သည့် စာရေးတံပွဲအကြောင်းကို ဖော်ပြမည်ဖြစ်သည်။

ဝါခေါင်လတွင် မြန်မာလူမျိုးတို့သည် ရဟန်းသံဃာတို့အား စာရေးတံမဲဖြင့် ကျရာသံဃာကို ဆွမ်း၊ ကွမ်း အစရှိသည့်လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းကြသည်။ စာရေးတံဟူသောစကားသည် ဒါနပြုခြင်း၊ လှူဒါန်းပေးကမ်းခြင်းဟူသောအဓိပ္ပာယ်ရှိသည့်"စာရင်ဒါန်"ဟူသော မွန်-မြန်မာစကားမှလည်းကောင်း၊ "ရှာယီဒန်"ဟူသော အာရဗီစကားမှလည်းကောင်း မြန်မာမှုပြုထားသည်ဟုဆိုသည်။ မြန်မာအဘိဓာန်တွင် စာရေးတံမဲကို"ဆန္ဒပေးရာတွင်လည်းကောင်း၊ ဆွမ်း စသည်တို့ကိုကံစမ်းပေးရာတွင်လည်းကောင်း အသုံးပြုသည့် တုတ်၊ ဝါးခြမ်း"ဟုဆိုသည်။ ယခုခေတ်ဆိုလျှင်စက္ကူမဲလိပ်ဟု အဓိပ္ပာယ်ကောက်ရပေလိမ့်မည်။

စာရေးတံမဲပွဲသည် မြတ်စွာဘုရားရှင်လက်ထက်ကတည်းကရှိခဲ့သည်။ ဘုရားရှင်လက်ထက်အခါက ဝေဠုဝါမြို့၌ အစာရေစာခေါင်းပါးပြီး အသက်မွေးရန်ခက်ခဲသောအဖြစ်နှင့်ကြုံကြရလေသည်။ ထိုအခါလူတို့သည် စာရေးတံလက်မှတ်ဖြင့် အသက်မွေးကြရလေသည်။ စာရေးတံလက်မှတ်ဆိုသည်မှာ ယနေ့ခေတ်အခေါ် လူတို့အတွက်မျှတအောင် စားနပ်ရိက္ခာဝေငှပေးသောစနစ်ဟု ဆိုရပေမည်။ တိုင်းသူပြည်သားတို့သည်လည်း စားနပ်ရိက္ခာခက်ခဲသောကြောင့် ရဟန်းသံဃာတော်တို့အား ဆွမ်းလှူရန်အတွက် အခက်တွေ့ကြရလေသည်။ ထိုအချိန်၌ ဥတ္တရာပထတိုင်းသားမြင်းကုန်သည်တို့သည် ဝေဠုဝါမြို့သို့ရောက်ရှိလာကြရာ ရဟန်းသံဃာတော်တို့လည်း ဝေဠုဝါမြို့၌ ဆွမ်းမရသဖြင့် ဥတ္တရာပထတိုင်းသားမြင်းကုန်သည်တို့ထံ ဆွမ်းခံကြရာ တစ်စလယ်စီမျှသော မုယောဆန်ကို ရရှိကြရာ ဆုံ၌ဖွပ်၍ အာဟာရမျှတကြရလေသည်။



ဤကဲ့သို့ဆွမ်းအတွက် အခက်အခဲဖြစ်နေသော ရဟန်းတော်တို့အတွက် မြတ်စွာဘုရားရှင်က အလှူခုနစ်မျိုးမှတစ်မျိုးဖြစ်သော "သလာကဘတ် ခေါ် စာရေးတံအလှူ"ကို ခွင့်ပြုတော်မူခဲ့သည်။ စာရေးတံမဲဆိုသည်မှာ အက္ခရာအမှတ်အသားပြုရာဝါးကို ဆိုလိုသည်။ ထို့ကြောင့် ထိုခေတ်ထိုအခါက ဝါးခြမ်းပြားကိုသာ အသုံးပြုဟန်တူပါသည်။ စာရေးတံမဲပြုလုပ်ရာတွင် မည်သည့်ဒါယကာ၊ ဒါယိကာမက မည်သည့်သံဃာကိုဆွမ်းလုပ်ကျွေးစေဟုသတ်မှတ်ပေး၍မရပါ။ ဆုံးဖြတ်ပေး၍မရပါ။ ထို့ကြောင့် စာရေးတံဝါးခြမ်းပြားပေါ်တွင် သံဃာအရေအတွက်အတိုင်း အက္ခရာအမှတ်အသားပြု၍ အိမ်စဉ်အတိုင်းမဲနှိုက်စေကာ ကျရာသံဃာကို ဆွမ်းလုပ်ကျွေးရခြင်းဖြစ်သည်။ ယခုခေတ်အခါတွင်မူ သံဃာများစုဝေး၍ လှူဖွယ်ဝတ္ထုများကို သံဃာအရေအတွက်အတိုင်းပြုလုပ်ပြီး မဲနှိုက်စေကာ မဲပေါက်ရာလှူဖွယ်ဝတ္ထုကို မဲပေါက်ရာသံဃာက အလှူခံရခြင်းဖြစ်သည်။

ဒါ့အပြင် ဝါခေါင်လသည် အလှူအတန်းပေးသောလတစ်လဆိုလည်းမမှားပေ။ မဲနှိုက်ပြီးကျရာရဟန်းသံဃာတော်များ၏သပိတ်ကို ယူဆောင်ကာ အလှူအတန်းပြုကြခြင်းဖြစ်သည်။ ထိုအလှူမျိုးသည် မြတ်စွာဘုရားရှင်လက်ထက်တော်ကတည်းကရှိခဲ့သည်။ ထိုအလှူသည် မဟာဒုက်အလှူပင်ဖြစ်သည်။ မဟာဒုက်သည် ဆင်းရဲလွန်းသူတစ်ဦးဖြစ်သည်။ တစ်နေ့မြတ်စွာဘုရားနှင့်သံဃာတော်များကို ဆွမ်းကပ်လှူဖို့ဖိတ်ကြားရာ သံဃာတစ်ပါးသို့မဟုတ် တစ်ပါးထက်ပိုသော ဆွမ်းအတွက် တာဝန်ယူကြလေသည်။ ဆင်းရဲသားမဟာဒုက်လည်း သံဃာတစ်ပါးကိုပင့်ဖိတ်ထားသော်လည်း သံဃာတစ်ပါးစာအတွက် မိမိအမည်စာရင်းမပါပေ။ မဟာဒုက်လည်း မိမိ၏ ရင်ဝသို့လှံစူးသကဲ့သို့ခံစားရလေသည်။ သို့သော် ကံထူးသူမဟာဒုက်သည် မြတ်စွာဘုရားရှင်၏ သပိတ်တော်ကိုရလေသည်။ အနှစ်ချုပ်ဆိုရလျှင် မြတ်စွာဘုရားရှင်ကို သဒ္ဓါကြည်ဖြူလှူဒါန်းရသောအကျိုးကြောင့် ရတနာရွှေမိုးရွာ၍ သူကြွယ်အဖြစ်သို့ရောက်ရှိပြီး သေလွန်သည့်နောက်နတ်ပြည်၌ဖြစ်ရသည်။ မဟာဒုက်၏ အလှူကိုလည်း စာရေးတံအလှူဟုပင် ဆိုနိုင်သည်။ ထိုအလှူသည် မွန်မြတ်သလိုသာသနာထွန်းလင်းစေဖို့လည်း အထောက်အပံ့ဖြစ်ပေသည်။

ရှေးအခါက စာရေးတံပွဲကို ဘုရင်မင်းမြတ်ကိုယ်တိုင်ပါဝင်ဆင်နွှဲကြသည်။ သက္ကရာဇ် ၆၃၀ ခုနှစ် ပုဂံမြို့စောလှဝန်းဘုရားကျောက်စာ၌ "**မီးဖုန်းသကြန်၊ စာရိယာ(စာရေးတံ) ညောင်ရိပ်သွယ်**" ဟူသော စကားအရ စာရေးတံအလှူသည် ပုဂံခေတ်၌လည်း ထွန်းကားခဲ့ကြောင်းသိရသည်။ ထို့ပြင် ကုန်းဘောင်ခေတ်ဘကြီးတော်လက်ထက်မှာလည်း စာရေးတံအလှူပွဲကျင်းပပုံကို မဟာရာဇဝင်ကြီး ဒုတိယတွဲ၌ဖော်ပြထားသည်ဟုသိရသည်။ ထို့ကြောင့် စာရေးတံပွဲသည် ဘုရားရှင်လက်ထက်မှစ၍ ယနေ့အထိ ခေတ်အဆက်ဆက်ကျင်းပလာခဲ့ကြကြောင်းထင်ရှားသည်။ ထို့ပြင် ဝါခေါင်လစာရေးတံပွဲသည် စားနပ်ရိက္ခာရှားပါးနေသည့်တိုင်အောင် သာသနာအရေးကို ဦးစားပေးလုပ်ဆောင်ကြသောကြောင့် သာသနာရေရှည်တည်တံ့စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးရာရောက်သောကြောင့် ဘာသာထွန်းပြောင် သာသနာ့ဂုဏ်ဆောင်လဝါခေါင်ဟူ၍သာ ဂုဏ်ပြုညွှန်းဆိုချင်ပါတော့သည်။ ။

**ကိုကျော်စွာ(ကျိုက်ပိ)**

---

## အခြေခံစက်ချုပ် သင်တန်းဆင်းပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိစစ်ကိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် အမျိုးသမီးများဝင်ငွေတိုးရေး အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမြင့်လေးက အမျိုးသမီးများဝင်ငွေတိုးရေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနအနေဖြင့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို တစ်လကြာဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရရှိခဲ့သည့် နည်းပညာများကို အသုံးပြု၍ လက်တွေ့နယ်ပယ်တွင် ဆက်လက်လေ့လာဆည်းပူးရင်း မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်သွားကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးဝေယံစိုးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းတင်က သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၁၅ ရက်မှ ဩဂုတ်လ ၁၃ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသူ ၁၅ ဦးတက်ရောက်ကြောင်း သိရသည်။

(၄၀၉)

# ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့်ဆီတင်သင်္ဘောများ၏အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိ

နေပြည်တော်  ဩဂုတ်  ၁၄

ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိကြောင်းနှင့် စုပြုံတန်းစီဝယ်ယူနေသည့်အရောင်းဆိုင်များအပြင် တန်းစီဝယ်ယူမှုနည်းပါးသည့်အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

ယခုရက်ပိုင်းအတွင်း ပုံမှန်ကာလများထက် ပိုမိုဝယ်ယူမှုကြောင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင်ယာဉ်တန်းစီဝယ်ယူမှုများပြားပြီး ဆီသယ်ယာဉ်မရောက်မီကာလအတွင်း စက်သုံးဆီအမယ်အချို့ အချိန်ပိုင်းပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသဖြင့် ပုံမှန်ဖြန့်ဖြူးပေးမှုအပြင် လိုအပ်သည့်ဆိုင်များကို အရေးပေါ်ထပ်မံတိုးမြှင့်ဖြည့်တင်း ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏အခြေအနေအရ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်နိုင်မည်ဆိုသည့် စိုးရိမ်ကြောင့်ကြမှုဖြစ်ရန်မလိုကြောင်းနှင့် စက်သုံးဆီပြတ်လပ်နိုင်ခြင်း မရှိနိုင်ကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက်ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူခြင်းတို့ မပြုလုပ်ကြပါရန်၊ လိုအပ်သလောက်သာဝယ်ယူသုံးစွဲကြပါရန်နှင့် အရောင်းဆိုင်အချို့တွင်သာ စုပြုံတန်းစီဝယ်ယူနေခြင်းအစား တန်းစီဝယ်ယူမှုနည်းပါးသည့်ပတ်ဝန်းကျင်ရှိ အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ တိုက်တွန်းနှိုးဆော်ထားပါကြောင်းနှင့် အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက်မရောင်းချခြင်းမျိုး မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ဗဟိုဘဏ်၏အတိုးနှုန်း၊ဘဏ်များက အပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများပြင်ဆင်သတ်မှတ်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းအား အထိုက်အလျောက်လျော့ကျစေရန်၊ ပြည်သူများအနေဖြင့် ဘဏ်အပ်နှံငွေပေါ်မှ အတိုးဝင်ငွေပိုမိုရရှိစေရန်၊ ဘဏ်များ၏ချေးငွေထုတ်ချေးနိုင်မှုပိုမိုလာပြီး စီးပွားရေးတိုးတက်မှုအားအထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဗဟိုဘဏ်အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်ကောက်ခံနိုင်သည့်အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ဗဟိုဘဏ်အတိုးနှုန်းအား လက်ရှိ ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်သည်၊

(ခ) ဘဏ်များက အပ်ငွေများအပေါ်ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၇ ရာခိုင်နှုန်းနှင့် ချေးငွေများအားလုံးအတွက်ကောက်ခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၅ ရာခိုင်နှုန်း သတ်မှတ်သည်၊

(ဂ) ဘဏ်များအနေဖြင့် မိမိတို့၏အမြတ်ရနိုင်စွမ်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲနိုင်မှုအရ အပ်ငွေနှင့် ချေးငွေအတိုးနှုန်းများအား ၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း သတ်မှတ်ရန်ဖြစ်သည်။

၂။ နိုင်ငံတော်၏မူဝါဒအရ လက်ရှိထုတ်ချေးပေးလျက်ရှိသည့် အထူးချေးငွေများ၏ အတိုးနှုန်းများသည် ပြောင်းလဲမှုမရှိပါ။

၃။ ယခုအတိုးနှုန်းပြင်ဆင်ချက်သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**၁၄.၈.၂၀၂၄**

# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

နေပြည်တော်  ဩဂုတ်  ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်တွင်ကျင်းပမည့်အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

| မှတ်သားဖွယ်ရာ မိုးရေချိန်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၄-၈-၂၀၂၄ | | | | | တောင်ငူ | ၂ ဒသမ | ၀၁ | လက်မ |
| ရှမ်းရွာသစ် | ၃ | ဒသမ | ၇၄ | လက်မ | တောင်ကြီး | ၁ ဒသမ | ၅၄ | လက်မ |
| ဟဲဟိုး | ၂ | ဒသမ | ၈၃ | လက်မ | မော်လမြိုင်ကျွန်း | ၁ ဒသမ | ၃၈ | လက်မ |
| ညောင်ရွှေ | ၂ | ဒသမ | ၇၆ | လက်မ | နေပြည်တော် | ၁ ဒသမ | ၂၂ | လက်မ |
| ထားဝယ် | ၂ | ဒသမ | ၀၉ | လက်မ | (ဥတ္တရသီရိမြို့နယ်) | | | |

# ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော်  ဩဂုတ်  ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုနယ်မြေနေပြည်တော် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစနစ်တကျအသုံးပြုပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားစိစစ်၍ အသုံးပြုခွင့်၊ လုပ်ကိုင်ခွင့်များအားခွင့်ပြုချထားခြင်း၊ စိစစ်ထောက်ခံတင်ပြပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ နေပြည်တော် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ်တော်စဉ်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုသလမထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ဝါတွင်းကာလဝါဆို၊ ဝါကပ်ကြမည့် သံဃာတော်များအတွက် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၀၀)

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



နေပြည်တော် ဩဂုတ် ၁၄

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် H.E.Ms. Ma Jia နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# သံအမတ်ကြီး ဦးတင်ယု ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၅

ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်တွင် ဘာရိန်းနိုင်ငံ၊ မာနာမာမြို့၊ Al Sakhir နန်းတော်၌ ဘုရင်မင်းမြတ် ဟာမက်(ဒ်) ဘင် အစ်စာအယ်လ် ခါလီဖာထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)



# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi နှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး





နေပြည်တော် ဩဂုတ် ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ၊နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သွားမည့်အခြေအနေ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား Horizon Lake View ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

**“ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . . ”**

✮ ရှေ့ဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့၏တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် EAO အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**❖ တရုတ်နိုင်ငံဘက်မှဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေ၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ ( One China Policy )အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထား၊ နိုင်ငံတကာ မျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိ၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လိုအပ်သည်များကူညီဆောင်ရွက်ပေးသွားမည်ဖြစ်. . .**

**❖ မြန်မာဘက်မှဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကိုထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှ တစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထား ဆောင်ရွက်လျက်ရှိ. . .**

❍ ကျောဖုံးမှအဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြပြီး ရှည်လျားခိုင်မာသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိကာ လာမည့် ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် စိန်ရတုနှစ်သို့ရောက်ရှိမည်ဖြစ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံ၊ ယုံကြည်စိတ်ချရသောနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားမည့်အခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို စတင်သဘောတူဆောင်ရွက်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ တည်ငြိမ်အေးချမ်းရေးကိုအလေးထားသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင် ပါဝင်မှုအခန်းကဏ္ဍနှင့် အာဆီယံ၏ ပဋိညာဉ်အတိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မဲစာရင်းများတိကျမှန်ကန်မှုရှိစေရေး ယခုနှစ် အောက်တိုဘာလအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူသွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပါတီအားလုံး လွတ်လပ်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးနေသည့်အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဦးစွာဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံဘက်မှ ဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy )အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက်ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲ ရပ်တည်ပေးလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လိုအပ်သည်များကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအားလုံးပါဝင်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရေးတိုက်တွန်းလိုပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာဘက်မှဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကိုထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံဘက်မှ ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ စသည့်ကဏ္ဍစုံတို့၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်တည်ရှိနေမှုကို ထောက်ခံလျက်ရှိကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နည်းပညာလွှဲပြောင်းမှုအသိအမှတ်ပြုလက်မှတ်များ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နေသော လုပ်ငန်းရှင်များကို နည်းပညာလွှဲပြောင်းမှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် နည်းပညာပံ့ပိုးပေးသည့်ဌာနဖြစ်ပြီး ပေးအပ်လိုက်သော နည်းပညာများသည် အဆင့်အတန်းမီသော နည်းပညာများ ဖြစ်မှသာ ကုန်ထုတ်လုပ်မှုများသည် ခေတ်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာများ ပေးအပ်နိုင်ရန် နိုင်ငံတကာသုတေသနပြုမှုများ၊ စံချိန်စံညွှန်းများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာအခြေအနေ၊ ဈေးကွက်အခြေအနေ၊ စားသုံးသူ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင်သုတေသနပြုဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းပညာလွှဲပြောင်းခြင်း၊ သုတေသနပြုစမ်းသပ်ဆောင်ရွက်ခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက နည်းပညာလွှဲပြောင်းမှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဌာနကပံ့ပိုးပေးလိုက်သည့် နည်းပညာများဖြင့် ထုတ်လုပ်ထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ သုတေသနစာတမ်းများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ (၅၀၀)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by member of Politburo of Chinese Communist Party Central Committee and Minister of Foreign Affairs H. E. Mr. Wang Yi

NAY PYI TAW August 14

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by member of Politburo of Chinese Communist Party Central Committee and Minister of Foreign Affairs H. E. Mr. Wang Yi at the Credentials Hall of his office here this afternoon.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister at SAC Chairman's Office 2 U Ko Ko Hlaing, Deputy Minister for Information Maj-Gen Zaw Min Tun and officials. H. E. Mr. Wang Yi was accompanied by H.E. Ms. Ma Jia, whose appointment as Ambassador of the People's Republic of China to Myanmar has been agreed on, Vice Minister of Foreign Affairs Mr. Sun Weidong, Special Envoy for Asian Affairs Mr. Deng Xijun and members of the delegation.



Senior General Min Aung Hlaing receives the delegation led by member of Politburo of Chinese Communist Party Central Committee and Minister of Foreign Affairs H. E. Mr. Wang Yi.



Senior General Min Aung Hlaing shakes hands with H. E. Mr. Wang Yi.

In his greetings, Senior General Min Aung Hlaing said China and Myanmar are neighbours and also good old friends. Since the past, the two countries have established a community through thick and thin in accord with the five principles of peaceful co-existence. The current meeting will further enhance bilateral friendship and cooperation.

H. E. Mr. Wang Yi said Myanmar is a good neighbour and a good old friend of China. China strongly supports the perpetuation of Myanmar's independence and sovereignty. The country also welcomes and supports Myanmar's implementation of its five-point roadmap for national peace, stability and progress and preparations to hold a free and fair multi-party democracy general election. China pays serious attention to its cooperation with Myanmar for the latter's peace and stability. China opposes EAOs' attacks against towns and villages in Shan State (North).

Afterwards, views on friendship and cooperation between the two countries, defence cooperation, internal peace in Myanmar, peace and stability in border areas, ongoing cooperative undertakings of the two countries to eliminate online gambling, online frauds, other types of financial frauds and illegal businesses, and progress in the preparations for holding a free and fair multi-party democracy general election were cordially exchanged.

After the meeting, Senior General Min Aung Hlaing and H. E. Mr. Wang Yi exchanged commemorative gifts. 100

# More than 17,000 acres of pigeon pea thriving in Sagaing Township

SAGAING August 14

This year, local farmers cultivated 17,923 acres of pigeon pea as monsoon crop in Sagaing Township of Sagaing Region, according to Sagaing Township Agriculture Department.

In 2024-2025 monsoon crop cultivation season, Sagaing Township planned to grow 19,789 acres of pigeon pea but local farmers have so far planted 17,923 acres of pea against the target cultivation.

"This year, we earmarked cultivation of more than 19,000 acres of pigeon pea in Sagaing Township. So far, local farmers have planted more than 17,000 acres of pigeon pea. Our department manages boosting per-acre yield of crops for local farmers. They grow pigeon pea as mono crop as well as double and mixed crops," said U Zaw Oo, Head of Sagaing Township Agriculture Department.

Officials of the township agriculture department make field trips to the grassroots level for advising local farmers to choose quality strains of crops, using good agricultural techniques, prevention of pests and boosting per-acre yield of crops.

Local farmers are striving for meeting the target cultivation with the assistance of staff members of the township agriculture department.

Sagaing Township Agriculture Department shares techniques with local farmers of growing pigeon pea to make natural fertilizers in order to reduce agricultural costs at their farms. Moreover, they produce pesticides made of urea and other chemical elements to prevent pests and thrive the crops.

**SMK**

# Plan to minimize traffic congestion in 84th street in Mandalay



MANDALAY August 14

Arrangements have been made to control traffic congestion in the area of 84th street where a night life is being managed in Mandalay, in the last week of July, said U Thet Naing, Head of Markets and Slaughter Houses Department of Mandalay City Development Committee(MCDC).

The night life has been managed for more than 30 years along 84th streets between 26th and 27th streets near Zaygyo Market in Mandalay. It plays a key role in daily life of the people. At present, officials will control traffic congestion around the night life starting from the last week of July.

"The stalls at the night life sell clothes, foodstuffs, cosmetics and personal goods in addition to books. Some shops do not sell goods at the night life area systematically. So, traffic congestion happen there. Officials will supervise systematic sales of goods at the light life area and control traffic congestion starting from the last week of July," he explained.

The stalls at the night life sell goods from 6 pm to 9 pm daily. The stalls along the section from 26th to 29th streets play a key role in daily life of Mandalay people.

Moreover, more than 150 shops at the night life area sell goods along 84th street.

"This night life of Mandalay people sells goods for the purpose of people from basic strata. It is designed as a vendor market where people can buy their needs at a single place. So, we will arrange smooth traffic for all," he added.

**SMK**

# Monsoon agricultural loans to be disbursed to farmers in Pwintbyu Township

PWINTBYU August 14

Agricultural loans for 2024-2025 Fiscal year have been disbursed to farmers in village-tracts in Pwintbyu Township of Magway Region since May 20. As of now, over Ks-2,473.4 million of monsoon agricultural loans have been disbursed to farmers in the Township, according to the branch office of the Township Myanma Agricultural Development Bank.

On the occasion, U Aye Min Naing, Manager of the Township Myanma Agricultural Development Bank urged farmers to pay back the loans during the set date, and explained rules and regulations to be followed by famers. 3475 farmers from village-tracts in Pwintbyu Township were dispensed a total of Ks-2,473.4 million of agricultural loans for 15,818 acres of paddy fields and 1,007 acres of other crops starting from May 20 to July 23.

The farmers who have already repaid the loans last year in 51 village-tracts in Pwintbyu Township are being disbursed agricultural loans at a rate of Ks-150,000 per acre of paddy and Ks-100,000 per acre of other crops. In addition, the remaining farmers will be disbursed the loans, according to U Aye Min Naing.

**SK**

# Chickpea in high demand from foreign merchants at Mandalay market

PWINTBYU August 14

High demand from foreign merchants triggers booming market of chickpea at Mandalay market, said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay commodity centre).

At present, chickpea is in high demand from Yangon, Lashio, Mandalay and other cities. It is in good trading due to both local and foreign demands.

"Merchants at home and abroad purchase chickpea at Mandalay market. If their demands are very high, chickpea will see better trading in Mandalay market," he added.

Currently, chickpea is fetching good prices with high demand at the domestic market. Merchants sell the bean in wholesale and retail sale relying on domestic market as well as foreign demand. **SK**



# Africa CDC declares mpox public health emergency as cases surge

ADDIS ABABA August 14

With the number of mpox cases surging, the Africa Centers for Disease Control and Prevention (Africa CDC) on Tuesday declared the ongoing mpox outbreak in Africa as a Public Health Emergency of Continental Security (PHECS).

Africa CDC Director-General Jean Kaseya, while addressing a special online media briefing on the multi-country mpox outbreak in Africa, made the declaration of PHECS. He expressed concern over the rapid spread of the disease, mainly from the Democratic Republic of the Congo (DRC) to its neighboring countries.

"Mpox has now crossed borders, affecting thousands across our continent. Families have been torn apart, and the pain and suffering have touched every corner of our continent," he said.

Data from the Africa CDC show that during the past week alone, more than 2,000 new mpox cases have been reported in Africa. Last week, the health body said some 38,465 mpox cases and 1,456 deaths had been reported in Africa since January 2022, affecting at least 16 countries across all five regions of Africa.

According to the Africa CDC chief, the declaration of PHECS was made after close consultations with senior public health experts from Africa and across the world as well as concerned African leaders.

He said the continental public health emergency posed by the rapid spread of mpox "is not just another challenge but a crisis that demands our collective action, a moment that calls upon the very essence of our humanity, our unity and our strength."

The declaration is expected to bring about a greater mobilization of resources and strengthen the international notification mechanism as it will obligate African countries to notify the Africa CDC of any health measures implemented in response to the emergency.

**Xinhua**

# US approves US$-18.82bln sale of 50 F-15IA aircraft to Israel - Pentagon

WASHINGTON August 14

The US State Department has approved an US$-18.82 billion sale of 50 F-15IA multirole fighter jets and related equipment to the government of Israel, the Defence Security Cooperation Agency (DSCA) said on Tuesday.



US approves US$-18.82bln sale of 50 F-15IA aircraft to Israel.

“The Secretary of State has approved a possible Foreign Military Sale to the Government of Israel of F-15IA and F-15I+ Aircraft and related equipment for an estimated cost of US$-18.82 billion,” the agency said in a press release. “The Government of Israel has requested to buy up to fifty (50) new F-15IA multi-role fighter aircraft.”


The Israeli government has also requested to purchase 25 modification kits for its existing F-15I multi-role fighter aircraft, 120 F110-GE-129 engines, 90 Advanced Display Core Processors II, 320 LAU-128 Advanced Medium Range Air-to-Air Missile launchers, 25 M61A Vulcan cannons, and 180 Embedded Global Positioning System/Inertial Navigation System, among other related equipment, according to the release.

Moreover, the US State Department has approved a possible US$-102.5 million sale of 30 AIM-120C-8 Advanced Medium Range Air-to-Air Missiles (AMRAAM) and related equipment to the government of Israel, the DSCA announced.

"The Secretary of State has approved a possible Foreign Military Sale to the Government of Israel of Advanced Medium Range Air-to-Air Missiles and related equipment for an estimated cost of US$-102.5 million," the press release said.

**Sputnik**

# Typhoon Ampil to near Tokyo, holiday transportations disrupted



Typhoon Ampil to near Tokyo, holiday transportations disrupted.

TOKYO August 14

Severe tropical storm Ampil is expected to intensify into a typhoon as it nears eastern Japan on Friday, forcing cancellations of public transit services during the country's holiday travel rush.

The seventh typhoon of the year, moving northward, is expected to hit Japan's Kanto region over the weekend, overlapping with the nation's Bon holiday.

The Japan Meteorological Agency (JMA) has forecast up to 200 mm of rainfall in the Kanto-Koshin region by Saturday morning. The Kanto area could experience wind gusts up to 60 meters per second on Friday.

As the storm approaches Tokyo and its surrounding areas, all Tokaido Shinkansen services between Tokyo and Nagoya will be canceled on Friday, announced Central Japan Railway Company, the operator of Japan's Tokaido Shinkansen bullet train, on Wednesday.

The company said it may also cancel services for the Sanyo Shinkansen line, which directly connects to the Tokaido line in Osaka.

East Japan Railway Company also noted possible delays and cancellations of services for the Tohoku, Joetsu, Hokuriku, Akita, and Yamagata Shinkansen lines from around noon to late evening on Friday.

As of Wednesday evening, several flights to and from Haneda and Narita airports on Friday have been canceled.

Airlines are preparing for more potential flight cancellations or delays, and highway restrictions, including road closures, may be implemented.

The JMA has issued warnings for strong winds, high waves and heavy rain, urging the public to take precautions while travelers are advised to stay updated with the latest information as the typhoon approaches.

**Xinhua**

# Radioactive water leaks reported at Japan's crippled Fukushima power plant

TOKYO August 14

About 25 tons of radioactive water have leaked within the crippled Fukushima Daiichi Nuclear Power Plant, the plant's operator has reported, a week after the latest round of ocean discharge started.

The nuclear-contaminated water, which leaked from a surge tank connected to the Unit 2 reactor building, was meant to be contained in a tank receiving overflow from the spent nuclear fuel pool, according to Tokyo Electric Power Company (TEPCO).

Accumulating on the first basement level of the reactor building, the leaked water led to a rise in the level of contaminated water already present in the area, TEPCO introduced on Tuesday, confirming that the contaminated water had not escaped outside the reactor building.

The company plans to use a remotely operated robot to measure radiation levels in the room by Friday and further pinpoint the exact location and cause of the leak. The cooling pump for the pool has been temporarily shut down as part of the investigation.

**Xinhua**

# Myanmar, China hold bilateral talks



Myanmar delegation led by Senior General Min Aung Hlaing holds talks with the Chinese delegation led by H.E. Mr. Wang Yi.

NAY PYI TAW August 14

The Myanmar-China bilateral talks took place at the parlour of the Credentials Hall of the Office of the State Administration Council Chairman in Nay Pyi Taw this afternoon.

Present at the talks together with Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister for the Office of the Chairman of the State Administration Council Ministry-2 U Ko Ko Hlaing, Deputy Minister for Information Maj-Gen Zaw Min Tun and officials. H.E. Mr. Wang Yi, Member of the Politburo of the CPC Central Committee and Minister of Foreign Affairs of the People's Republic of China was accompanied by Ambassador-designate of the People's Republic of China to Myanmar H.E. Ms. Ma Jia, Vice Minister of Foreign Affairs Mr. Sun Weidong, Special Envoy for the Asian Affairs Mr. Deng Xijun and delegation members.

At the talks, those from the Myanmar side discussed good neighbouring and good friends as well as the long-lasting and strengthening relation history between Myanmar and China, a situation to turn the 75th anniversary (Diamond Jubilee) diplomatic relations in 2025, firm standing of Myanmar as a perpetual and full of trust country for China, emphasizing restoration of peace and stability as both countries have initiated the five-point principles of the peaceful co-existence, endeavours of the State Administration Council to forge peace and stability of the State and carry out building of the nation for development in accord with the constitution, participation of Myanmar in ASEAN and its undertakings in line with the ASEAN Charter, making necessary preparations to successfully hold a free and fair multi-party democratic general election as the ultimate aim of the State Administration Council, plans to enumerate the population and household census in October this year to have the correct and accurate voter lists, arrangements for all parties to freely take part in the election under the Political Parties Registration Law, efforts being made to ensure a free and fair multi-party democratic general election, and promotion of further economic cooperation between the two countries.

In discussions, those in the Chinese side said that China is always supporting for ensuring peace and stability and development of Myanmar. China values the steadfast support and standing of Myanmar for the One China Policy. And, China is always standing for Myanmar in the international arena. Necessary technological assistance will be provided for Myanmar to conduct the censustaking process. Moreover, necessary aid will be given for the election. China called for Myanmar to hold an all-inclusive election.

The Myanmar side talked about that Myanmar does not totally accept any actions harming interests of China through Myanmar. Myanmar is paying a special emphasis on peace and stability, development and security measures of China.

In its response, the Chinese side said that China will help overall sectors including trade, agriculture and livestock breeding sectors for development of Myanmar, with a firm plan to initiate an economic cooperation. China supports unity of all ASEAN countries and existence of Myanmar as an ASEAN member State. Current meeting and discussions are firmly believed to beef up friendly relations and cooperation between the two countries, and China pledges to be a perpetual friendship country for Myanmar.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ Veterans Confederation of ASEAN Countries (VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာပေးအပ်ခြင်းအခမ်းအနား ကျင်းပ





နေပြည်တော် ဩဂုတ် ၁၄

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ Veterans Confederation of ASEAN Countries (VECONAC) ၏ချီးကျူးဂုဏ်ပြုလွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်၁၀ နာရီတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသော ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် ဗိုလ်ချုပ်ဇာနည်ဝင်း (အငြိမ်းစား) တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဌာနချုပ်မှူးနှင့်ဝန်ထမ်းများ၊ အခြားဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ (VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာများပေးအပ်ခြင်းသည် အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့နှင့်အဖွဲ့ဝင်သက်ဆိုင်ရာ နိုင်ငံများမှစစ်မှုထမ်းဟောင်းအဖွဲ့၏ အကျိုးအတွက် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သူများကို VECONAC ၏ (၂၃)ကြိမ်မြောက် အထွေထွေညီလာခံဆုံးဖြတ်ချက် (၂၃-၄) အရ ကျေးဇူးတင် အသိအမှတ်ပြုကြောင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား) က အမှာစကားပြောကြားပြီး VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသူများကို ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ကာ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသူများကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား) က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့နံနက်ပိုင်းမှစ၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် တင်ဒါအမှတ်(၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ အတွဲအမှတ် (၃၄၅)တွဲအထိနှင့် တင်ဒါအမှတ်(၄)ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆)တွဲမှ ပုလဲအတွဲအမှတ် (၄၆၀)အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ စျေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက်မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၃)နှင့် တင်ဒါအမှတ်(၄)တို့မှ ပုလဲအတွဲပေါင်း (၂၃၀)တင်သွင်းထားသော စျေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း(၁၈၄)တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲ စတုတ္ထနေ့တွင် တင်ဒါအမှတ် (၅)ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁)မှ အတွဲအမှတ်(၅၈၀)တွဲအထိ ပုလဲအတွဲပေါင်း(၁၂၀)တွဲနှင့် တင်ဒါအမှတ်(၆) ဖြစ်သည့် ပုလဲအတွဲအမှတ်(၅၈၁)မှ အတွဲအမှတ်(၇၀၀)အထိ ပုလဲအတွဲပေါင်း(၁၂၀)တွဲတို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲရောင်းချပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများနှင့်အတူပူးပေါင်း၍လည်းကောင်း၊ မြန်မာ့ပုလဲသီးသန့်ဖြင့်လည်းကောင်း အောင်မြင်စွာကျင်းပပေးခဲ့ရာ ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိ ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ရောဝတီယူနိုက်တက်ယူ-၂၀ အသင်းနှင့် Junior Lions အသင်းတို့နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက်ယူ-၂၀ အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် Junior Lions အသင်းတို့ ကစားခဲ့ရာ Junior Lions အသင်းက ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈ မိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၂၆ မိနစ်၊ ၄၅ မိနစ်၊ ၄၉ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ခန့်ဝင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို Junior Lions အသင်းအတွက် လေးဂိုးထိသွင်းယူပေးနိုင်ခဲ့သည့် ခန့်ဝင်းအောင်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ ရောဝတီယူနိုက်တက်ယူ-၂၀ အသင်းနှင့် သစ္စာအားမာန်ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက်ယူ-၂၀ အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၃၁ မိနစ်တို့တွင် အောင်ချစ်က လည်းကောင်း၊ ပွဲချိန် ၂၅ မိနစ်တွင် ဝိုင်းထက်ပိုင်ကလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး သစ္စာအားမာန်ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် အာကာလင်းထက်နှင့် ပွဲချိန် ၄၉ မိနစ်တွင် ခန့်ဖုန်းနိုင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်ယူ-၂၀ အသင်း တိုက်စစ်မှူးအောင်ချစ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊


(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါကလုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## SPACE

# အင်္ဂါဂြိုဟ်ပေါ်၌ လေတိုက်နှုန်းကိုတိုင်းတာရန် ပညာရှင်များက အသံလှိုင်းသုံးကိရိယာကိုတီထွင်



ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့မှ သုတေသနပညာရှင်များက အင်္ဂါဂြိုဟ်ပေါ်၌ လေတိုက်နှုန်းများကိုတိုင်းတာနိုင်ရေးအတွက် အသံလှိုင်းသုံးလေတိုက်နှုန်းတိုင်းကိရိယာတစ်မျိုးကို ဖန်တီးတီထွင်လိုက်ကြောင်းသိရသည်။

ပညာရှင်များသည် အင်္ဂါဂြိုဟ်ပေါ်သို့သွားမည့် အာကာသယာဉ်မှူးများအတွက် တိုင်းတာရေးကိရိယာများကို အဆင့်မြှင့်တင်မှုတစ်ရပ်အနေဖြင့် အသံလှိုင်းအသုံးပြု လေတိုက်နှုန်းတိုင်းစနစ်ကို ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

အဆိုပါစနစ်တွင် လျှပ်စစ်အသံလှိုင်းစွမ်းအင်ပြောင်းကိရိယာတစ်စုံကို တပ်ဆင်ပေးထားပြီး ထိုကိရိယာက အင်္ဂါဂြိုဟ်လေထုကိုဖြတ်သန်းလာသည့် အသံလှိုင်းများ၏သွားလာမှုကြာမြင့်ချိန်ကို ခန့်မှန်းပေးနိုင်စေမည်ဖြစ်သည်။

သုတေသနပညာရှင်များက အင်္ဂါဂြိုဟ်လေထုနှင့်အနီးစပ်ဆုံးတူအောင် ဖန်တီးထားသည့်နေရာ၌ လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်ရာတွင် တစ်စက္ကန့်လျှင် ၁ စင်တီမီတာအထိပင် နည်းပါးသည့် လေတိုက်နှုန်းအကြိမ်ပေါင်း ၁၀၀ ကို တိုင်းတာနိုင်ကြောင်းတွေ့ရသည်။

ယင်းစနစ်ကိုဖန်တီးရခြင်းသည် အင်္ဂါဂြိုဟ်ပေါ်၌ဖြစ်ပေါ်လာနိုင်သည့် လေပြင်းတိုက်ခတ်မှုများကို ရှောင်ရှားနိုင်စေရေးနှင့် အခြားသောနည်းလမ်းများဖြင့်အသုံးပြုနိုင်စေရေးဖြစ်သည်။

ထိုစနစ်ကို အင်္ဂါဂြိုဟ်အတွက် အဓိကထားဖန်တီးခြင်းဖြစ်သော်လည်း ကမ္ဘာ၏အထက်လေထုတွင် ကောင်းစွာအလုပ်လုပ်နိုင်ကြောင်းသိရသည်။

Ref: IE

K.H

# SpaceX က ကမ္ဘာ့ပထမဆုံးအဖြစ် ဝင်ရိုးစွန်းဒေသအပေါ်သို့ လေ့လာသူများစေလွှတ်မည်



SpaceX ကုမ္ပဏီက ကမ္ဘာ့ပထမဆုံးအဖြစ် ဝင်ရိုးစွန်းဒေသပေါ်သို့ လေ့လာသူများကိုစေလွှတ်ကာ မည်သူမျှမလေ့လာဖူးသောနေရာများကို လေ့လာမှုများပြုလုပ်သွားမည်ဟုသိရသည်။

ယခင်က လူလိုက်ပါသောလေ့လာရေးခရီးစဉ်များတွင် အာကာသယာဉ်ကို လတ္တီတွဒ်မျဉ်းအတိုင်းသာ လွှင့်တင်ခဲ့ခြင်းဖြစ်သည်။ ယခုမူ Fram 2 အမည်ရှိ လူလိုက်ပါသော အာကာသယာဉ်ကို ဝင်ရိုးစွန်းဒေသပေါ်မှ တိုက်ရိုက်ပျံသန်းစေမည်ဖြစ်သည်။

အဆိုပါအာကာသယာဉ်၌ အဖွဲ့ဝင်လေးဦးလိုက်ပါမည်ဖြစ်ပြီး ထိုအာကာသယာဉ်က ဝင်ရိုးစွန်းဒေသများ၏အထက် ၄၂၅-၄၅၀ ကီလိုမီတာတွင်ရှိနေမည်ဖြစ်သည်။ အချိန်အားဖြင့် ၃ ရက်မှ ၅ ရက်ကြာမြင့်မည့်ထိုခရီးစဉ်တွင် ချွန်ဝမ်း၊ ဂျန်းနစ်မစ်ကယ်ဆန်း၊ အဲရစ်ဖိလစ်နှင့် ရာဘေးရော့တို့က လိုက်ပါသွားမည်ဖြစ်ပြီး ၎င်းတို့အားလုံးမှာ ယခုမှ ပထမဆုံးသော အာကာသအတွေ့အကြုံကို ရယူမည့်သူများဖြစ်သည်။

လူသားများအနေဖြင့် အာကာသထဲမှနေ၍ ကမ္ဘာကြီးကိုမြင်ဖူးကြသော်လည်း ဝင်ရိုးစွန်းဒေသများမှနေ၍ မတွေ့ဖူးသေးကြောင်းသိရသည်။

Ref: IE

K.H

## ENERGY

# တရုတ်က ကမ္ဘာ့စွမ်းအားအမြင့်ဆုံး ရေပေါ်လေတာဘိုင်များတပ်ဆင်မည်

တရုတ်ကုမ္ပဏီတစ်ခုက ကမ္ဘာပေါ်တွင် စွမ်းအားအမြင့်ဆုံးဖြစ်လာမည့် ရေပေါ်လေတာဘိုင်များကို တပ်ဆင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

မင်းယန်းစမတ်စွမ်းအင်ကုမ္ပဏီက ထိုလေတာဘိုင်ဒီဇိုင်းများကို တီထွင်ခြင်းဖြစ်ပြီး နိုင်ငံတောင်ပိုင်းရှိကွမ်ကျိုးမြို့၌ထုတ်လုပ်ကာ တပ်ဆင်မည့် ကွမ်တုံပြည်နယ်ရှိ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းနေရာသို့သယ်ဆောင်သွားပြီဖြစ်သည်။

အဆိုပါလေတာဘိုင်ကို Ocean X ဟု အမည်ပေးထားသည်။ ထိုလေတာဘိုင်များသည် သမားရိုးကျပုံစံများနှင့်မတူဘဲ ပင်မတိုင်တစ်ခုတွင် တိုင်နှစ်လုံးဖြာထွက်ကာ လေပန်ကာဒလက်နှစ်ခုကိုတပ်ဆင်ထားသည့်ပုံစံဖြစ်သည်။

ထိုတာဘိုင်တစ်ခုက ထုတ်လုပ်ပေးနိုင်သည့်လျှပ်စစ်ဓာတ်အားပမာဏမှာ ၁၆ ဒသမ ၆ မဂ္ဂါဝပ်ရှိမည်ဖြစ်သောကြောင့် နှစ်စဉ်အိမ်ခြေအလုံး ၃၀၀၀၀ ကို လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင်နိုင်ငံများက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်၊ နေအားလျှပ်စစ်နှင့် လေအားလျှပ်စစ်တို့ကို ပိုမိုထုတ်ယူနိုင်ရေးကြိုးပမ်းလာသည်။


၎င်းတို့အနက် လေအားမှလျှပ်စစ်ထုတ်လုပ်ရေးသည် အမြဲတမ်းအာမခံချက်ရှိသော ဓာတ်အားထုတ်လုပ်ရေးဖြစ်သည်ဟုသိရသည်။

Ref: IE

K.H



# အေဂျက်အသင်းဘောလုံးကွင်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် အလင်းပေး



နယ်သာလန်နိုင်ငံရှိ အေဂျက်ဘောလုံးအသင်းက ၎င်းတို့၏ဘောလုံးကွင်းတစ်ကွင်းလုံးကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ အလင်းရောင်ကောင်းစွာပေးနိုင်ကြောင်း သိရသည်။

ဘောလုံးကွင်းတစ်ကွင်းလုံးအတွက် သာမက ကစားသမားလှော်ကားလမ်း၊ ဓာတ်လှေကားနှင့် ဘီယာပိုက်ခေါင်းများကိုပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ခြင်းဖြစ်သည်။

အဆိုပါဘောလုံးကွင်း၏အမိုးပေါ်တွင် ဆိုလာပြားအချပ်ရေ ၄၂၀၀ တပ်ဆင်ထားပြီး ၎င်းမှရရှိသောလျှပ်စစ်ဓာတ်အားများကို သိမ်းဆည်းရန် ၈ ဒသမ ၆ မဂ္ဂါဝပ်ပမာဏရှိ ဘက်ထရီစနစ်ကို တပ်ဆင်ထားခြင်းဖြစ်သည်။ အဆိုပါဘက်ထရီစွမ်းအင်ပမာဏသည် အိမ်ခြေအလုံး ၂၀၀၀၀ ကို တစ်နာရီကြာ လျှပ်စစ်ဓာတ်အားပေးနိုင်စေမည်ဖြစ်သည်။

အသုံးပြုထားသော ဘက်ထရီများမှာ အသစ်များမဟုတ်ဘဲ တစ်ပတ်ရစ်များသာဖြစ်သောကြောင့် လျှပ်စစ်ကားများမှဘက်ထရီများနှင့် အခြားအသုံးပြုပြီးသောဘက်ထရီများကို နှစ်ကြိမ်မြောက်အသုံးပြုမှုအတွက် နည်းလမ်းတစ်ခုဖော်ဆောင်ပေးခြင်းဖြစ်သည်။

ထို့ပြင် ယင်းဘောလုံးကွင်းသည် စွမ်းအင်လိုအပ်ချက်ကိုလျှော့ချနိုင်စေရန် LED အခြေခံ မြက်ပင်ကြီးထွားမှုစနစ်နှင့် LED မီးသီးများကိုသာ အသုံးပြုထားခြင်းဖြစ်သည်။

ယခုကဲ့သို့ ဆောင်ရွက်ချက်သည် ၂၀၃၀ ပြည့်နှစ်အရောက်၌ ကာဗွန်ထုတ်လွှတ်မှုကင်းစင်သည့် အားကစားပွဲများကိုကျင်းပသွားနိုင်ရေးဖြစ်ကြောင်း ဘောလုံးကွင်းမှတာဝန်ရှိသူကပြောသည်။

Ref: IE

K.H

# အမေရိကန်က နှစ် ၅၀ သက်တမ်းရှိ နျူကလီးယားဘက်ထရီထုတ်လုပ်မည်



အမေရိကန်မှ ကုမ္ပဏီနှစ်ခုပူးပေါင်းပြီး နှစ် ၅၀ သက်တမ်းရှိ နျူကလီးယားဘက်ထရီများကိုထုတ်လုပ်ရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါဘက်ထရီမျိုးကို ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ အဝေးရောက်အာရုံခံကိရိယာများ၊ အာကာသလေ့လာရေးခရီးများကဲ့သို့ နယ်ပယ်များတွင်သာမက စစ်ဘက်ဆိုင်ရာလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သောကြောင့် အရေးပါသည့် စွမ်းအင်သိုလှောင်မှုပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း Kronos Advanced Technologies နှင့် Yasheng Group တို့က ထုတ်ပြန်ထားသည်။

Nickel 63 ဟုအမည်ပေးမည့် အဆိုပါဘက်ထရီကို တစ်ကြိမ်အားသွင်းထားရုံမျှဖြင့် နှစ်ပေါင်း ၅၀ အထိအသုံးပြုနိုင်စေမည်ဖြစ်သည်။

တရုတ်မှ Betavolt အမည်ရှိ ကုမ္ပဏီအသစ်တစ်ခုက အကြွေစေ့ပမာဏမျှသာရှိသည့် BV-100 ဟုခေါ်သော နျူကလီးယားဘက်ထရီကိုထုတ်လုပ်မည်ဟု ထုတ်ပြန်ပြီးနောက် အမေရိကန်ကုမ္ပဏီများအနေဖြင့် ယခုလိုထုတ်ပြန်လာခြင်းဖြစ်သည်။

တရုတ်က ယင်းဘက်ထရီကို ရှေ့ပြေးအဖြစ်ထုတ်လုပ်ပြီး လိုအပ်ချက်များနှင့် ကိုက်ညီခြင်းရှိ၊ မရှိ စမ်းသပ်မှုများဆောင်ရွက်နေသည်။

Ref: IE

K.H

# ထောင်ကျဖူးသူကို အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်ခန့်အပ်သည့် ထိုင်းဝန်ကြီးချုပ် ဆယ်ထာထာဝီဆင် ရာထူးမှဖယ်ရှားခံရ



ဘန်ကောက်၊ နိုင်ငံရေး

ထောင်ဒဏ်ကျခံဖူးသူကို အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်ခန့်အပ်သည့် ထိုင်းဝန်ကြီးချုပ် ဆယ်ထာထာဝီဆင်သည် ဩဂုတ်လ ၁၄ ရက်တွင် ရာထူးမှဖယ်ရှားခံလိုက်ရကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ခုံသမာဓိအဖွဲ့ဝင်ငါးဦးအနက် လေးဦးက ဆယ်ထာထာဝီဆင်ကို ကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် ရာထူးမှဖယ်ရှားရန် မဲပေးဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အလားတူ အဆိုပါခုံရုံးသည် ဆယ်ထာထာဝီဆင်၏အစိုးရအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်သည်။ သို့သော် အစိုးရအဖွဲ့ဝင်များအနေဖြင့် အစိုးရအဖွဲ့အသစ်မဖွဲ့စည်းနိုင်မီကာလအထိ အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူရမည်ဟု ခုံရုံး၏ဆုံးဖြတ်ချက်တွင်ဖော်ပြထားသည်။

ဆယ်ထာထာဝီဆင်သည် ထောင်ဒဏ်ကျခံဖူးသည့် ပီချစ်ချွန်ဘန်းကို နိုင်ငံရေးရာထူးပေးရန် မသင့်လျော်မှန်းသိလျက်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဆယ်ထာထာဝီဆင်၏ လုပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာ ရောက်ကြောင်းနှင့်အဆိုပါဥပဒေအရ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ရန် အရည်အချင်းမပြည့်မီကြောင်း ဖော်ပြနေသည်ဟု ခုံရုံးကထုတ်ပြန်ထားသည်။

ပီချစ်ချွန်ဘန်းသည် လာဘ်စားရန်ကြိုးပမ်းပြီးနောက် ရုံးတော်ကိုမထီမဲ့မြင်ပြုမှုဖြင့် ထောင်ဒဏ်ခြောက်လကျခံဖူးသူဖြစ်သည်။

ထိုသို့သောသူကို အစိုးရအဖွဲ့ဝန်ကြီးအဖြစ်ခန့်အပ်ခြင်းက ဖွဲ့စည်းပုံအခြေခံဥပဒေကိုချိုးဖောက်ရာရောက်နေသည်ဟုဆိုကာ အထက်လွှတ်တော်အမတ်ဟောင်း ၄၀ ပါ အဖွဲ့တစ်ဖွဲ့က ရုံးတော်သို့ဦးတိုက်လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ယင်းနောက်တွင် ဆယ်ထာထာဝီဆင်က ၎င်းအနေဖြင့် တရားရုံး၏ဆုံးဖြတ်ချက်ကိုလေးစားကြောင်း၊ တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးကြိုးစားထမ်းဆောင်ခဲ့ကြောင်း ပြောထားသည်ဟုသိရသည်။

Ref: Xinhua

# ဂျပန်ဝန်ကြီးချုပ်ဖူမီအိုကီရှီဒါ ပါတီဥက္ကဋ္ဌရာထူးမှဆင်းပေးမည်




တိုကျို၊ နိုင်ငံရေး

ဂျပန်ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါက ၎င်းအနေဖြင့် ပါတီဥက္ကဋ္ဌရာထူးမှ ဆင်းပေးမည်ဖြစ်ကြောင်း ဩဂုတ်လ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဖူမီအိုကီရှီဒါ၏အာဏာရပါတီဖြစ်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) နှင့် ဆက်စပ်နေသည့် လာဘ်စားမှုသတင်းများကြောင့် ၎င်းအပေါ်လူထုထောက်ခံမှုများ ကျဆင်းလာစဉ် ပါတီခေါင်းဆောင်ရာထူးမှဆင်းပေးမည်ဟု တရားဝင်ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်း လူနေထိုင်မှုစရိတ်များမြင့်တက်လာခြင်း၊ ယန်းငွေတန်ဖိုးကျဆင်းခြင်းတို့ကြောင့် ပြီးခဲ့သည့်လတွင် ကီရှီဒါ၏ အစိုးရအဖွဲ့အပေါ် လူထုထောက်ခံမှုသည် ၁၅ ဒသမ ၅ ရာခိုင်နှုန်းအထိကျဆင်းလာသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ လူထုထောက်ခံမှုကျဆင်းမှုသည် LDP ပါတီအနေဖြင့်အာဏာပြန်လည်ရရှိသည့် ၂၀၁၂ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးသို့ရောက်ရှိလာခြင်းဖြစ်သည်။

အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် ဖူမီအိုကီရှီဒါသည် ၂၀၂၁ ခုနှစ်တွင် LDP ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီးနောက် လာမည့်စက်တင်ဘာလတွင် ၎င်း၏ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် ဥက္ကဋ္ဌသက်တမ်းကုန်သွားပါက ထပ်မံဝင်ရောက်ရွေးကောက်ခံတော့မည်မဟုတ်ဘဲ ရာထူးမှဆင်းပေးမည်ဖြစ်ကာ နောက်ထပ်ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်အသစ်ကို ခန့်အပ်သွားစေမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်။

ယခုအခါ ပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ပါတီအတွင်းရေးမှူးချုပ်ဟောင်းနှင့်ဒစ်ဂျစ်တယ်ဝန်ကြီးတို့က စိတ်ဝင်စားနေကြောင်းနှင့် အခြားသောဝန်ကြီးများကလည်း ဝင်ရောက်ရွေးချယ်ခံရန်ဆန္ဒရှိနေကြောင်းသိရသည်။

Ref: Xinhua

# မလေးရှားက BRICS အဖွဲ့ကိုအသုံးပြု၍ အာဆီယံလက်တံကို ဆန့်ထုတ်ရန် ဆန္ဒရှိနေဟုဆို

ကွာလာလမ်ပူ၊ နိုင်ငံရေး

မလေးရှားနိုင်ငံက BRICS အဖွဲ့ကို အသုံးပြု၍ အာဆီယံအဖွဲ့၏လက်တံကို ဆန့်ထုတ်ရန်ဆန္ဒရှိနေကြောင်း စီးပွားရေးပညာရှင်များကပြောသည်။

မလေးရှားနိုင်ငံက လက်ရှိတွင်ဖွံ့ဖြိုးဆဲစီးပွားရေးနိုင်ငံများဖြင့်ဖွဲ့စည်းထားသည့် BRICS အဖွဲ့သို့ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းနေသည်။

ထို့အတူ မလေးရှားဝန်ကြီးချုပ် အန်နဝါ အီဘရာဟင်သည် အာဆီယံအဖွဲ့အတွက် သာမက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မျှတမှုမရှိသော စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ ကမ္ဘာသိပြောဆိုနိုင်စေရေးအတွက် အမျိုးမျိုးသောအခြေခံနေရာများကိုရရှိစေရန်ကြိုးပမ်းနေသည်ဟု လေ့လာသူများကပြောသည်။

BRICS အဖွဲ့ကိုမူလက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ကပါ အဖွဲ့ဝင်နိုင်ငံများဖြစ်လာသည်။

ထို့ကြောင့် ဝန်ကြီးချုပ်အနေဖြင့် ယင်းအဖွဲ့သို့ဝင်နိုင်ရေး လုပ်ဆောင်ချက်ကို နားလည်နိုင်ကြောင်း ပညာရှင်များကပြောထားသည်။

Ref: RTA

## သတင်းတိုကဏ္ဍ

### ဂျပန်၌အလွန်အင်အားပြင်းငလျင်ကြောင့် ဆူနာမီက နှစ်မိနစ်အတွင်းရောက်ရှိနိုင်

ဂျပန်နိုင်ငံရှိ နန်ကိုင်းပြတ်ရွေ့ကြောကြောင့် အလွန်အင်အားပြင်းသည့်ငလျင်လှုပ်ခတ်ပါက ထိုငလျင်ကြောင့်ဖြစ်ပေါ်လာသောဆူနာမီလှိုင်းများသည် ကမ်းရိုးတန်းဒေသများသို့ နှစ်မိနစ်အတွင်းရောက်ရှိလာနိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက ဩဂုတ်လ ၁၄ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါငလျင်လှုပ်ပါက ပျက်စီးဆုံးရှုံးမှုပမာဏ အလွန်များပြားမည်ဖြစ်ကြောင်း၊ ဆူနာမီလှိုင်းများသည်လည်း အမြင့်မီတာ ၃၀ ကိုပင်ကျော်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အနည်းဆုံးသီတင်းပတ်တစ်ပတ်ကြိုတင်၍ ငလျင်အတွက်ပြင်ဆင်မှုများလုပ်ထားသင့်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အလားတူ လာမည့်နှစ်အနည်းငယ်အတွင်း ပြင်းအား ၈ မဂ္ဂနီကျူမှ ၉ မဂ္ဂနီကျူရှိ ငလျင်ကြီးလှုပ်နိုင်ခြေ ၇၀ မှ ၈၀ ရာခိုင်နှုန်းအထိရှိနေကြောင်း မြေငလျင်ဌာနက ထုတ်ပြန်ထားသည်။

Ref: Xinhua

### ကမ္ဘာ့ရေနံဈေးနှုန်း တစ်စည်လျှင် ဒေါ်လာ ၈၀ အထက်တွင် ဈေးငြိမ်နေ

ဩဂုတ်လ ၁၄ ရက်တွင် ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ အထက်၌ဈေးငြိမ်နေကြောင်း သိရသည်။

ဘရန့်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၈၀ ဒသမ ၅၉ ဒေါ်လာဖြင့်ရပ်တည်နေသည်ကိုတွေ့ရသည်။ ပြီးခဲ့သည့်ခုနစ်လအတွင်း တစ်စည်လျှင် ၇၆ ဒသမ ၃ ဒေါ်လာသာအများဆုံးရှိခဲ့သော ဘရန့်ရေနံစိမ်းသည် ယခုသီတင်းပတ်အစတွင် ၃ ရာခိုင်နှုန်းအထိမြင့်တက်ကာ ၈၂ ဒသမ ၃၀ ဒေါ်လာအထိရောက်လာသည်ကို တွေ့ရသည်။

သို့သော် အရှေ့အလယ်ပိုင်းဒေသတွင် အီရန်က အစ္စရေးကိုလက်တုံ့ပြန်တိုက်ခိုက်နိုင်သည်ဟူသောစိုးရိမ်မှု လျော့ကျသွားခြင်းကြောင့် ကမ္ဘာ့ရေနံဈေးမှာ တစ်စည်လျှင်ဒေါ်လာ ၈၀ ဝန်းကျင်သို့ပြန်လည်ကျဆင်းလာသည်။ ထို့အတူ ၂၀၂၅ ခုနှစ်တွင်ကမ္ဘာ့ရေနံဝယ်လိုအား နည်းပါးမည်ဟု နိုင်ငံတကာ စွမ်းအင်အေဂျင်စီကထုတ်ပြန်ထားသည်။

Ref: RTA

### ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲသို့ ဟားမက်အဖွဲ့တက်မည်မဟုတ်

ဩဂုတ်လ ၁၅ ရက်တွင် ကာတာနိုင်ငံ၌ လုပ်ဆောင်မည့် ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲသို့ ဟားမက်အဖွဲ့က တက်မည်မဟုတ်ကြောင်း ဩဂုတ်လ ၁၄ ရက်တွင်ထုတ်ပြန်ထားသည်။

သို့သော် စီစဉ်ထားသည့်ဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးမှာဖြစ်နိုင်ခြေရှိနေဆဲဖြစ်ကြောင်း အမေရိကန်အစိုးရကပြောသည်။

တစ်ချိန်တည်းမှာပင် ဂါဇာ၌အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရမှသာ အီရန်က အစ္စရေးသို့လက်တုံ့ပြန်တိုက်ခိုက်မည့်အခြေအနေ ကျဆင်းသွားနိုင်ကြောင်း အီရန်တာဝန်ရှိသူများကပြောထားသည်။

အစ္စရေးက ဟားမက်နိုင်ငံရေးခေါင်းဆောင် အစ္စမေးဟားနီယေးကို အီရန်မြေပေါ်၌လုပ်ကြံပြီးနောက် အီရန်၊ ဟားမက်နှင့် အစ္စရေးတို့ကြား တင်းမာမှုများမြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: TST

### အာဖရိကအနောက်ပိုင်းနှင့်အလယ်ပိုင်းတို့၌ ရေဘေးဒုက္ခခံစားရသူ ခုနစ်သိန်းကျော်ရှိ

အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းများကြောင့် ရေဘေးဒုက္ခခံစားရသူမှာ ခုနစ်သိန်းကျော်ရှိကြောင်း ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ်လ ၁၃ ရက်တွင်ပြောသည်။

ထို့ကြောင့် အဆိုပါဒေသအတွင်းရေကြီးခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရကြောင်း ကုလသမဂ္ဂ၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါဒေသများအနက် ချတ်နိုင်ငံက ရေဘေးဒုက္ခကိုအဆိုးဆုံးခံစားရကာ ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ထိုဒုက္ခခံစားရသူ နှစ်သိန်းခွဲနီးပါးရှိသည်။

ထို့ပြင် ရေကြီးမှုများကြောင့်နေအိမ်အလုံးပေါင်း ၆၀၀၀၀ ကျော်ပျက်စီးရကာ စာသင်ကျောင်းများ၊ ဆေးပေးခန်းများလည်းပိတ်ထားရသောကြောင့် ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများမပေးနိုင်ကြောင်း ထိုအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ယင်းဒေသများသို့ အစိုးရများမှတစ်ဆင့် ထောက်ပံ့မှုများပေးနေကြောင်းသိရသည်။ Ref: Xinhua




## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး / ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့် ရက်နှင့်အချိန် - **(၃-၉-၂၀၂၄)၊ နံနက်(၉:၀၀)နာရီ**

**ပြည်ပရောင်း**

- ကျွန်းသစ်လုံး(ရန်ကုန်) (၄၀၀)တန်ခန့်
- သစ်မာသစ်လုံး(ရန်ကုန်/နယ်) (၁၀၀၀)တန်ခန့်

ပျဉ်းကတိုး၊ အင်ကြင်း၊ ကညင်၊ ထောက်ကြံ့၊ သင်္ဂဒူနှင့် မျောက်ငို

**၂၀၂၃-၂၀၂၄ ခုနှစ်ထုတ်သစ်၊ FRESH CUT များ ဖြစ်ပါသည်။**

- (SM)ကျွန်း(ခွဲသား)နယ် (၅)တန်ခန့်
- ကျွန်းခွဲသား (၉၀)တန်ခန့်
- (SM)ပျဉ်းကတိုး/ပိတောက် ခွဲသား (၁၀၃)တန်ခန့်

**သစ်အခြေခံ**

- ကျွန်းခွဲသား (၂၆၅)တန်ခန့်
- ပျဉ်းကတိုးခွဲသား (၄၀)တန်ခန့်

**စစ်ကိုင်းတိုင်းအမှတ်(၁)သစ်ပါးလွှာစက်ရုံ**

- ကညင်သစ်လုံး (၄၁၆)တန်ခန့်

(၂၀၁၉-၂၀)ထုတ်သစ်

တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် Web-Site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန် - **Ph; 01-287430, 01-528771, 01-528764**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွား အ.ထ.က Grade-11 (E)မှ မသိမ့်ချယ်ရီဦး ကျောင်းဝင်အမှတ် C ၁၂၄၃၊ ညာတော အ.လ.က Grade-7 မှ မောင်ဘုန်းမင်းခန့် ကျောင်းဝင်အမှတ် ၀၀၂၇ တို့၏ဖခင် ဦးဟန်ဇော်ထွန်း၏ အမည်မှန်မှာ ဦးဟံဇော်ထွန်း ၈/တတက(နိုင်)၁၆၈၁၂၅ ဖြစ်ပါကြောင်း။

**ဦးဟံဇော်ထွန်း**

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့၊ အမှတ်(၈၁)၊ ကမ်းနားလမ်းနေ မောင်ဇင်အောင်ထွေး(ဘ)ဦးတင်အေး ၁၄/ပသန(နိုင်)၂၂၈၅၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 665602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၇၀၉၆၉၇၁**

### မိဘအမည်ပြောင်းနှင့် ကလေးအမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကလေးကျေးရွာနေ (ဘ)ဦးကျော်ကောင်းစံအား ဦးဇော်မျိုးအောင် ၇/ပခန(နိုင်)၂၃၆၃၈၃ နှင့် (အမိ)ဒေါ်ယမင်းသူအား ဒေါ်ယုသန္တာ ၇/ပခန(နိုင်)၃၄၄၆၁၅ ဟုပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်းတို့၏သား မောင်ဟန်သူရကျော် အား မောင်ဟန်သူရဟု ပြောင်းလဲခေါ်ဆိုပါရန်။

**(ဘ)ဦးဇော်မျိုးအောင်**
**၇/ပခန(နိုင်)၂၃၆၃၈၃**
**(အမိ)ဒေါ်ယုသန္တာ**
**၇/ပခန(နိုင်)၃၄၄၆၁၅**
**မောင်ဟန်သူရ**




### ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရွာသစ် Grade-12 တွင် ပညာသင်ကြားနေသောမခိုင်နှင်းဝေ ကျောင်းဝင်အမှတ် (၁၅၆၈)၏ဖခင်အမည်မှန်မှာ ဦးအေးဖြစ်ပါကြောင်း။

**ဦးအေး**

### ပျောက်ဆုံးကြောင်း

မောင်ပိုင်စည်သူ(ဘ)ဦးအောင်ထွေး ၁၀/ကထန(နိုင်)၁၃၄၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

ဦးမျိုးမြင့်(ဘ)ဦးစိုးလွင် ၁၀/မလမ(နိုင်)၁၈၅၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

ဖြိုးငွေးအောင်(ဘ)ဦးစောလယ်ထူး ၁၄/ပေတ(နိုင်)၁၉၅၆၅၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MG 253059)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၃၈၉၁၃၉၉**

### ပျောက်ဆုံးကြောင်း

အိယမုံငွေး(ဘ)ဦးတင်မောင်ငွေး ၁၂/ကတန(နိုင်)၁၁၅၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ကျော်စွာဝင်း(ဘ)ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်)၁၉၀၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ခင်မေထွေး(ဘ)ဦးမြင့်နိုင် ၁၂/သဃက(နိုင်)၁၀၅၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 366273)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၉၈၉၁၉၁**

### ပျောက်ဆုံးကြောင်း

ဝင်းလင်းထွန်း(ဘ)ဦးတင်ဆိုင်(ခ)ဦးစိုးမြင့် ၁၄/ဘကလ(နိုင်)၁၈၄၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

### ပျောက်ဆုံးကြောင်း

ဆလိုင်းစိုးမိုးအာကာရွှေ(ဘ)ဆလိုင်းထွန်းရွှေ ၈/တတက(နိုင်)၂၈၀၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်နေ မဇင်မေလွင်(ဘ)ဦးအောင်စိုး ၇/ပခန(နိုင်)၄၅၅၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၉၅၉၀၂**

### အမည်ပြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရွာသစ် Grade-11 တွင် ပညာသင်ကြားနေသော အဘဦးမျိုးဇော်မင်း၏ သားမောင်မြင့်သူအား မောင်မြင့်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြင့်မြတ်သူ**

### အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ ပညာသင်ကြားနေသော အဘဦးမောင်နိုင် ၉/ပမန(နိုင်)၂၃၂၂၁၉ ၏သမီး မရတီဖူးစံအား မစုသစ္စာနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုသစ္စာနိုင်**

### ပျောက်ဆုံးကြောင်း

မဟန်နီစံ(ဘ)ဦးမောင်ငွေ ၁၀/သဖရ(နိုင်)၂၂၂၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

ဇင်မာဝင်း(ဘ)ဦးကျော်စိန် ၇/ကဝန(နိုင်)၁၈၉၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 677430)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၃၈၉၁၃၉၉**

### ပျောက်ဆုံးကြောင်း

ဝတ်ရည်ဝင်း(ဘ)ဦးအောင်ကြည်သိန်း ၁၄/သပန(နိုင်)၁၃၆၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 872847)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း

မမိုးခိုင်(ဘ)ဦးဘာဘူ ၁၄/မအပ(နိုင်)၁၆၁၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 743294)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း

ဟန်လင်းအောင်(ဘ)ဦးအောင်ကြည် ၁၂/အစန(နိုင်)၂၆၁၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 270485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၄၄၁၅၇**

### ပျောက်ဆုံးကြောင်း

သူရ(ဘ)ဦးအီဗရာဟင်(ခ)ခင်အောင် ၁၂/ဒလန(ပြု)၀၀၁၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 418357)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

### ပျောက်ဆုံးကြောင်း

ဟိန်းမင်းကို(ဘ)ဦးတင်ဝင်း ၃/လဘန(နိုင်)၀၅၄၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 983474)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

### ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ ရပ်ကွက်(၆)၊ စံပယ်လမ်းနေ မောင်မောင်ခင်(ဘ)ဦးဒါဝတ် ၃/ကကရ(နိုင်)၁၅၉၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၄၄၇၅၃၈**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က Grade-11(E)ကျောင်းဝင်အမှတ် C ၁၂၄၂ မမဉ္ဇူအောင်၏ဖခင် ဦးချိုဦး၏ အမည်မှန်မှာ ဦးခင်မောင်ဦး ၈/တတက(နိုင်) ၀၂၀၆၀၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဦး**

### ပျောက်ဆုံးကြောင်း

မင်းမြင့်လွင်(ဘ)ဦးခွေး ၁၀/ကမရ(နိုင်)၀၈၁၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

မထူးသွယ်ဝင့်ဝါ(ဘ)ဦးစိုးလွင်အောင် ၉/ပဗသ(နိုင်)၀၂၅၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၀၉၀၂၂၃**

### ပျောက်ဆုံးကြောင်း

မောင်စိန်ဝင်း(ဘ)ဦးမာမတ်အီစွတ် ၁၂/သဃက(နိုင်)၁၅၂၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

နှင်းလဲ့လဲ့ခိုင်(ဘ)ဦးလှနိုင် ၁၄/မအပ(နိုင်)၁၃၄၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 981051)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း

ဇူလိုင်ထူး(ဘ)ဦးကျော်ဆန်းဦး ၁၂/ရပသ(နိုင်)၁၁၆၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 574299)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း

သန်းထိုက်(ဘ)ဦးအုန်းရွှေ ၁၂/အစန(နိုင်)၀၁၂၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(289724)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း

မေမြတ်မိုး(ဘ)ဦးသောင်းထွန်းဦး ၁၄/ဟသတ(နိုင်)၃၆၃၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၉၀၀၈၀၂၉**

### ပျောက်ဆုံးကြောင်း

အောင်ကျော်ဦး(ဘ)ဦးမြငွေ ၁၂/ကခက(နိုင်)၀၆၆၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(695899)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

သာကေတမြို့နယ်၊ နဝရတ်လမ်း၊ အမှတ်(၁၀၅၅)နေ နောင်ထွန်းလွင်(ဘ)ဦးအုံးလွင် ၁၂/သကတ(နိုင်)၂၂၁၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 140506)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**


မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

## လူမှုရေး/စီးပွားရေးကြော်ငြာများ
## (30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။


### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အ.ထ.ကခွဲ အ.လ.က(၆) ကျောင်း Grade(10) ၌ပညာသင်ကြားနေသော မဂျူးဂျူးစံ၏ဖခင်အမည်မှန်မှာ မင်းစိန်ကုလား ၃/ကကရ(နိုင်)၀၆၅၂၅၁ ဖြစ်ပါကြောင်း။

**မင်းစိန်ကုလား**

### ပျောက်ဆုံးကြောင်း

မမေသက်ဖူး(ဘ)ဦးသန်းထွန်း ၁၀/ဘလန(နိုင်)၁၃၉၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

ဇော်မင်းထွန်း(ဘ)ဦးဘရှင် ၃/ဘအန(နိုင်)၁၅၈၇၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၅၂၉၂၂၁**

### ပျောက်ဆုံးကြောင်း

ခန့်ဝေပိုင်(ဘ)ဦးဝေယံစိုး ၉/သစန(နိုင်)၂၀၁၁၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မြတ်စုခိုင်(ဘ)ဦးသောင်းစိန် ၇/ဖမန(နိုင်)၂၂၆၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ကောင်းထက်ဦး(ဘ)ဦးအောင်ခင်လတ် ၇/ကတခ(နိုင်)၁၆၃၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 848849)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၁၁၂၁၃၃၇**

### ပျောက်ဆုံးကြောင်း

ဝင်းကျော်(ဘ)ဦးမြင့်ဇော် ၁၂/ကခက(နိုင်)၀၉၁၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

### ပျောက်ဆုံးကြောင်း

ကျော်နေအောင်ဟိန်း(ဘ)ဦးမောင်လင်း ၁၂/လမတ(နိုင်)၀၃၀၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

### ပျောက်ဆုံးကြောင်း

ကျော်သက်အောင်(ဘ)ဦးကျော်နိုင်ဦး ၉/ရမသ(နိုင်)၁၈၈၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 101264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အမှတ်(၉၁)၊ မြို့ဦးအခြေခံပညာမူလတန်းလွန်ကျောင်း (Grade-7) တွင် ပညာသင်ကြားနေသော မောင်မင်းသုဆွေ၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းသိန်းမြင့် ၈/တတက(နိုင်)၂၇၇၉၉၀ ဖြစ်ပါကြောင်း။

**ဒေါ်သိန်းသိန်းမြင့်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အမှတ်(၁)၊ အခြေခံပညာအထက်တန်းကျောင်း (Grade-12) တွင် ပညာသင်ကြားနေသော မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဟိဏ်းလတ် ၈/မဘန(နိုင်)၀၆၄၉၄၉ ဖြစ်ပါကြောင်း။

**ဦးဟိဏ်းလတ်**

### ပျောက်ဆုံးကြောင်း

ဝေဝေစိုး(ဘ)ဦးမောင်စိုး ၉/ရမသ(နိုင်)၂၄၈၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 095458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ခင်ငွေးကြည်(ဘ)ဦးကြည် ၁၂/ဥကတ(နိုင်)၀၈၄၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၁၁၀၂၀၁၁**

**အလိမ္မာစာမှာရှိ**

# ချယ်လ်ဆီးအသင်းက အဓိကကွင်းလယ်ကစားသမား ကိုးလ်ပယ်မာကို နောက်ထပ်နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

လန်ဒန် ဩဂုတ် ၁၄

ချယ်လ်ဆီးအသင်းက အဓိကကွင်းလယ်ကစားသမားကိုးလ်ပယ်မာကို နောက်ထပ် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ကိုးလ်ပယ်မာသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ကိုးလ်ပယ်မာသည် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် ပြိုင်ပွဲစုံ ၄၂ ပွဲအထိ ပါဝင်ကစားခွင့်ရရှိကာ သွင်းဂိုး ၂၅ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၅ ကြိမ်ပြုလုပ်နိုင်သည့်အတွက် ချယ်လ်ဆီးအသင်းက နောက်ထပ်နှစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သည့်အပြင် လုပ်ခလစာကို ဖော်ပြခြင်းမရှိခဲ့သော်လည်း လက်ရှိရရှိနေသည့် လုပ်ခလစာထက် တိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ကိုးလ်ပယ်မာနှင့်ချယ်လ်ဆီးအသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၃၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိကိုးလ်ပယ်မာ၏ ခြေစွမ်းပိုင်းကို ဥရောပထိပ်တန်းအသင်းကြီးများက စောင့်ကြည့်လျက်ရှိသောကြောင့် ချယ်လ်ဆီးအသင်းက လက်မလွှတ်လိုသည့်အတွက် ၂၀၃၃ ခုနှစ်အထိ နောက်ထပ်နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Sky Sports*



# Public Investment Fund အဖွဲ့က ဗင်နီစီးယက်စ်ကို မြင့်မားသည့်လုပ်ခလစာအပြင် ခံစားခွင့်အများအပြားဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံရ

ရီယက် ဩဂုတ် ၁၄

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ထိပ်တန်းကလပ်အသင်းများဖြစ်သည့် အယ်နာဆာအသင်း၊ အယ်ဟီလယ်အသင်းနှင့် အယ်အာလီအသင်းတို့ကိုပိုင်ဆိုင်ထားသည့် Public Investment Fund အဖွဲ့အစည်းက ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်ကို မြင့်မားသည့်လုပ်ခလစာအပြင် ခံစားခွင့်အများအပြားဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။



Public Investment Fund အဖွဲ့အစည်းသည် အယ်နာဆာအသင်း၊ အယ်ဟီလယ်အသင်းနှင့် အယ်အာလီအသင်းတို့အတွက် စီရော်နယ်ဒိုအပါအဝင် ဥရောပမှ ထိပ်တန်းကစားသမားအများစုကို ခေါ်ယူခဲ့ပြီး အသင်းပုံရိပ်များကိုမြှင့်တင်ခဲ့သကဲ့သို့ လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမားဗင်နီစီးယက်စ်ကို ငါးနှစ်စာချုပ်အတွက် စတာလင်ပေါင် တစ်ဘီလီယံအပြင် ကမ်းလှမ်းမှုတစ်ရပ်အဖြစ် အယ်နာဆာအသင်း၊ အယ်ဟီလယ်အသင်းနှင့် အယ်အာလီအသင်းတို့မှ စိတ်ကြိုက်အသင်းတစ်သင်းထံ ပြောင်းရွှေ့ခွင့်ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

Public Investment Fund အဖွဲ့အစည်းက ဗင်နီစီးယက်စ်ကို လုပ်ခလစာတစ်ဘီလီယံအပြင် တခြားခံစားခွင့်များအဖြစ် အယ်နာဆာအသင်း၊ အယ်ဟီလယ်အသင်းနှင့် အယ်အာလီအသင်းတို့နှင့် ၂၀၂၉ ခုနှစ်တွင် သက်တမ်းကုန်ဆုံးပါက ဥရောပကလပ်အသင်းတစ်သင်းထံ ပြန်လည်ပြောင်းရွှေ့ခွင့်၊ ဆော်ဒီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သံတမန်အဖြစ် ဆောင်ရွက်ခွင့်၊ ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ပါကလည်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ရာထူးတစ်ခုခုဖြင့် တာဝန်ထမ်းဆောင်ခွင့်စသည့်အချက်များဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗင်နီစီးယက်စ်တို့စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်အထိ ကျန်ရှိနေပြီး စာချုပ်ဖျက်သိမ်းကြေးမှာလည်း စတာလင်ပေါင် တစ်ဘီလီယံအထိရှိနေသော်လည်း Public Investment Fund အဖွဲ့အစည်းက ဗင်နီစီးယက်စ်အတွက် စာချုပ်ဖျက်သိမ်းကြေးကိုပါပေးချေပြီး ကမ်းလှမ်းခဲ့သော်လည်း ဗင်နီစီးယက်စ်အပြင် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။

*Ref;The Athletic*

# နွေရာသီ ကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

- အေဂျက်ဇ်အသင်းက အာဆင်နယ်အသင်းမှ အရောင်းစာရင်းတင်ထားသည့် ဂိုးသမား ရမ်ဒဲလ်ကို ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ပယ်ချခံခဲ့ရသော်လည်း ဒုတိယအကြိမ် ကမ်းလှမ်းမှု လုပ်ဆောင်နေကြောင်း သိရသည်။
- ဗီလာရီးယဲလ်အသင်းက ရီးယဲလ်ဘတ်တစ်အသင်းမှ တောင်ပံကစားသမားပီရက်ဇ်ကို လေးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။
- ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ဂိုးသမား ဆက်ဇနီကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက အပြိုင်ကမ်းလှမ်းရန်ကြိုးပမ်းနေကြောင်း သိရသည်။
- စပလစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်တောင်ပံကစားသမား ပါရီဆစ်ကို မေဂျာလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။
- လိုက်ပဇစ်အသင်းက ကလပ်ဘရုဇ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား နူဆာကို ပြောင်းရွှေ့ကြေးယူရို ၂၁ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အက်သလက်တီကိုအသင်းက ရောင်းချရန်ပြင်ဆင်ထားသည့် ကွင်းလယ်ကစားသမား ဂျာအိုဖီးလစ်အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ သတ်မှတ်

မက်ဒရစ် ဩဂုတ် ၁၄

အက်သလက်တီကိုအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ပြင်ဆင်ထားသည့် ကွင်းလယ်ကစားသမား ဂျာအိုဖီးလစ်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၆၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၀ အရွယ် ဂျာအိုဖီးလစ်သည် ၂၀၁၉ ခုနှစ်က မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ဘင်ဖီကာအသင်းမှ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး နောက်ပိုင်းဘောလုံးရာသီများတွင် နည်းပြဆီမြွန်နီနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ၂၀၂၃ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကာ အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း အသင်းတွင်ကစားခွင့်မရရှိဘဲ ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းတွင် တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံကစားခဲ့သည်။

အစောပိုင်းက ဘာစီလိုနာအသင်းက ဂျာအိုဖီးလစ်ကို အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူလိုနေသော်လည်း အသင်းငွေကြေးအခက်အခဲကြောင့် ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့သည့်အတွက် ဂျာအိုဖီးလစ်အနေဖြင့် အက်သလက်တီကိုအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ဂျာအိုဖီးလစ်သည် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း အက်သလက်တီကိုအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင်ပင် ဂျာအိုဖီးလစ်ကို အပြီးသတ်ရောင်းချရန်ဆုံးဖြတ်ထားပြီး လက်ရှိတွင် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ဖူးသည့် အသင်းဟောင်း ချယ်လ်ဆီးအသင်းက ပြန်လည်ခေါ်ယူလိုသည့်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး အက်သလက်တီကိုအသင်းက ဂျာအိုဖီးလစ်ကို ပြောင်းရွှေ့ကြေးယူရို သန်း ၆၀ ရရှိပါက ရောင်းချမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

*Ref;Goal*

# အခြေခံစက်ချုပ်သင်တန်းဆင်းပွဲနှင့် သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်



**တာလေ ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့ နားယောင်းကျေးရွာအုပ်စု တောင်သုံးလုံးအလယ်ရွာ၌ ပထမအကြိမ် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲနှင့် သင်တန်းတွင်တက်ရောက်သည့် သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းမှထွက်ရှိသည့် ကုန်ချောထည်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းကကျင်းပသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းနှင့် သင်တန်းမှထွက်ရှိသည့် ကုန်ချောထည်များကို သင်တန်းသူတစ်ဦးချင်းစီအား ပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင်လ ၁၅ ရက်မှ ဩဂုတ်လ ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်၊ နေမင်း(တာချီလိတ်)**




# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**မိုင်းဆတ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မိုင်းဆတ်အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၁၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မိုင်းဆတ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာပြည်မှာ စာပဒေသာဝေဆာ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့် တာဝန်ရှိသူများက ကာယစွမ်းရည်၊ ဉာဏစွမ်းရည် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စာပေဟောပြောပွဲနှင့် လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးဟောပြောသူများ၊ အခမ်းအနားတွင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းဖြင့် တေးသရုပ်ဖော် သီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းဆောင်ရွက်

**မိုင်းယန်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားစေရန်နှင့် စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရန်ရည်ရွယ်၍ "စာဖတ်ရှိန်မြှင့်တင်ရေး" အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် မွန်ကဲရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များ အကျင့်စာရိတ္တကောင်းမွန်၍ အမှားအမှန်ဝေဖန်ခွဲခြားသိမြင်စေရန်၊ မိမိတို့လေ့လာထားသည့် ဗဟုသုတများကို ပြန်လည်မျှဝေတတ်စေရန်၊ အများရှေ့တွင် ပြောဆိုဆက်ဆံတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းနှင့် စာဖတ်ခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဥပမာ၊ သာဓကများဖြင့် အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးသိန်းဝင်းက ကျောင်းသား၊ ကျောင်းသူများအား အားလပ်ချိန်များတွင် ဗဟုသုတရရှိနိုင်သည့် စာပေများကို ဖတ်ရှုလေ့လာကြစေရန် ဟောပြောသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပေးနံရံကပ်စာစောင်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပေးနံရံကပ်စာစောင်အား ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ထွန်းထွန်းထူး**

## လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေထုတ်ချေး

**မိုင်းပျဉ်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် တာကော်ကျေးရွာအုပ်စု ဟွေဟင်(၇)မိုင် ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေ ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းလောင်မိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့်လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက ဟွေဟင်(၇)မိုင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၈၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအား ငွေကျပ်သိန်း ၉၀ နှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးအား ငွေကျပ်သိန်း ၄၉၀ စုစုပေါင်းအသင်းဝင် ၂၀ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၈၀ ကိုလွှဲပြောင်းပေးအပ်ကြောင်းနှင့် ဟွေဟင်(၇)မိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**မောင်အိုးစည်**

# ကျိုင်းတုံမြို့၌ ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေး



**ကျိုင်းတုံ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ်လ ၁၃ ရက်က ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံကြီးတို့၌ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစည်သူအောင်၊ ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# သီးနှံအကြွင်းအကျန်များကိုအသုံးချ၍ မှိုစိုက်ပျိုးမွေးမြူခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း စကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

သီးနှံအကြွင်းအကျန်များကို အသုံးချ၍ မှိုစိုက်ပျိုးမွေးမြူခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင် ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့်ဦးဗိုလ်ဗိုလ်ကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိမိတို့နိုင်ငံ၌ နှစ်စဉ် နွေစပါး၊ မိုးစပါး စုစုပေါင်း ဧက ၁၇ သန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ အထူးသဖြင့် စပါးစိုက်ခင်းများကို ရိတ်သိမ်းပြီးနောက် ကောက်ရိုးနှင့် ရိုးပြတ်များ၊ သီးနှံအကြွင်းအကျန်များကို မီးရှို့ရှင်းလင်းလေ့ရှိကြသဖြင့် ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ($CO_2$) များထုတ်လွှတ်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်းနှင့် ကမ္ဘာကြီးပူနွေးစေခြင်း၊ မြေကြီးအတွင်းရှိအကျိုးပြုအဏုဇီဝပိုးများ သေဆုံးသွားနိုင်ခြင်း၊ မြေဆီလွှာ၏ဂုဏ်သတ္တိကျဆင်းသွားခြင်း၊ မြေဆီလွှာရှိ နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ်များအငွေ့ပြန်ဆုံးရှုံးသွားခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း။

မှိုစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် သီးနှံအကြွင်းအကျန်များကိုသဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဘဲ အကျိုးရှိအောင်အသုံးချနိုင်ကြောင်း၊ သို့ပါ၍ ဌာနတာဝန်ရှိသူများ၊ သုတေသီများ၊ တောင်သူများအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းကြရန် တိုက်တွန်းကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်သုတေသီများက လယ်ယာကဏ္ဍမှ သီးနှံအကြွင်းအကျန်များ၊ စွန့်ပစ်ပစ္စည်းများမှ တစ်ဖန်ပြန်လည်ဝင်ငွေရရှိနိုင်သောနည်းလမ်းများ၊ မှိုထုတ်လုပ်မှုနှင့် စားသုံးမှုအခြေအနေများ၊ သီးနှံအကြွင်းအကျန်အမျိုးမျိုးအသုံးပြုပြီး မှိုအမျိုးအစားအလိုက် မှိုစိုက်ပျိုးနည်းစနစ်များ၊ မှိုကိုခူးဆွတ်ပြီးတာရှည်ခံအောင်ဆောင်ရွက်သောနည်းလမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ မှိုနှင့်ပတ်သက်၍ သင်ကြားပို့ချပေးနေမှုများ၊ မှိုစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသောလုပ်ငန်းများ၊ လက်ရှိမှိုဈေးကွက်အခြေအနေများကိုဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ဖြည့်စွက်တင်ပြခြင်း၊ သုံးသပ်အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မှိုနှင့်ပတ်သက်၍ မိရိုးဖလာအသိပညာများကို သုတေသနပြု၍ ထိန်းသိမ်းရန်လိုအပ်မှု၊ စားသုံး၍ရသည့် မှိုများအကြောင်း မှတ်တမ်းစာအုပ်ပြုစုရန်လိုအပ်ချက်များ၊ မှိုမျိုးစိတ်များစွာရှိသဖြင့် မှိုမျိုးများထိန်းသိမ်းခြင်း၊ မှိုစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာသုတေသနများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို တီထွင်ဆန်းသစ်မှုများဆောင်ရွက်ရန်လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# မုံရွာမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် လောင်းလုံးမြို့နယ်အတွင်း တပ်မတော်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုများကြောင့် ပြည်သူများထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ







နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ထနောင်းတောတောင်ရွာ ဈေးတန်းကို တပ်မတော်က ဩဂုတ်လ ၁၃ ရက်နေ့တွင် လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၁၁ ဦးသေဆုံးပြီး ၁၀ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးနှင့်ဒေသခံပြည်သူတစ်ဦး၏ပြောကြားချက်အရ မုံရွာမြို့နယ်အတွင်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန် အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့ပစ်ခတ်သည့်လက်နက်ကြီးကျည်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိမှန်ခြင်းမရှိဘဲ လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရပြီး အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အထောက်အထားမဲ့သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လ ၁၁ ရက်တွင် ခင်ဦးမြို့နယ်အတွင်းရှိကျေးရွာများသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် အဘွားအို ၁ ဦး သေဆုံးခဲ့သည်ဟုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်အတွင်းရှိလုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လ ၁၂ ရက်တွင် လောင်းလုံးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟုလည်းကောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေနေကြောင်း သိရှိရသည်။

(၁၀၀)

# ကျုံပျော်မြို့နယ်၊ တာသစ်ကြီးရပ်ကွက်၌ ရခိုင်ပြည်နယ်မှယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ တာသစ်ကြီးရပ်ကွက်သို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ကျုံပျော်မြို့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှား စေရန်အတွက် သွေးထိုးသပ်လျှို၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျုံပျော်မြို့အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအပေါ် အကြောင်းမဲ့မတရားဖမ်းဆီးခြင်း၊ ခေါ်ဆောင်စစ်ဆေးခြင်းများ မရှိကြောင်း သိရှိရသည်။

(၁၀၀)

## မယ်ဆိုင်ချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ထီးတန်းဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း (၃၉)မျိုးတွင် ပါဝင်သည့် Ergotamine (Mixture) ကီလိုဂရမ် (၁၆၀၀၀) (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၀၀၀၀၀)ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာ(၅) လုံးအတွင်းမှ ပိုင်ရှင်မှစွန့်လွှတ်ကြောင်း တင်ပြလာသည့် အိန္ဒိယနိုင်ငံထွက် Metallurgical Coke ကျောက်မီးသွေး ကီလိုဂရမ် (၈၁၅၉၀) အပါအဝင် ကုန်ပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၈၇၁၆၂၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် (၁၅၀၀) ပုလင်း၊ ပုစွန်နှစ်ကောင်စားအုန်းဆီ (၁၈)လီတာပါ ပုံး (၂၁၀) အပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Mini Bus (၁)စီးနှင့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၃၇၁၆၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၁၂ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ ရေဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ်၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၂ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cuizimate လျှပ်စစ်ဒယ်အိုး (၁၈)လုံး အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၁၃ ရက်**တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၂၉၉)တန် (ခန့်မှန်း တန်ဖိုး ငွေကျပ် ၃၁၁၉၀၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၆၁၉၀၄)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ **ဩဂုတ်လ ၁၃ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်ပူးပေါင်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Deer Mayble Tiles (၁၄၄၈ ဒသမ ၀၇)စတုရန်းမီတာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၅၁၃၃၃၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁) စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၀၀၀၀၀) ကိုလည်းကောင်း၊ သံရွာစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Hifly ကားတာယာ (၁၃၆)လုံး၊ DC Type ဖုန်းအားသွင်းကြိုး (၃၆၀၀၀) အပါအဝင် ကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၄၆၉၆၃၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၉၈၂၉၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၁၃ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ ဥက္ကံကြိုးဝိုင်း၊ အကွက်အမှတ် (၈၇)၌ တရားမဝင် အခြားသစ် (၃ ဒသမ ၆၁)တန် **(ခန့်မှန်း တန်ဖိုး ငွေကျပ် ၁၈၆၁၀၅၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၇၇၇၅၄၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၁၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း (၆ ဒသမ ၁၇၅၀)တန်၊ သစ်မာ (သုည ဒသမ ၅၈၆၄)တန်၊ အခြား (၁၉ ဒသမ ၆၉၄၀)တန်၊ စုစုပေါင်း (၂၆ ဒသမ ၄၅၅၄)တန်၊ ယာဉ်/ ယန္တရား (၃)စီး၊ တရားခံ (၅)ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥာဏ်ပန်းအဝိုင်းအနီး၊ဇေယျာသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၉၊ Fax - ၀၆၇၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ၊
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Black Tea
Lemon Tea
SHWE PHE OO
Lemon Tea
ရွှေဖီဦး
Tea Mix
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ပြည်တွင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကိုရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်. . .**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)**

# မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ကျင်းပပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊

**စာမျက်နှာ ၁၇ ကော်လံ ၁ ❍**

**ဗဟိုဘဏ်၏အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ်ကောက်ခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း**

စာ - ၁၄ သို့

**ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိ**

စာ - ၁၄ သို့

**ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ်မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ်(OWIC)ရရှိမှသာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရန် အသိပေးကြေညာချက်**

စာ - ၇ သို့

**အဝေးသင်သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာ**

စာ - ၁၁ သို့